
mgyoe.com



ရေးသူ ဦးအေးကျော်

ဘီ.အေ - ဂုဏ်ထူး

ဖေ့ သားချစ်

ဒုတိယအကြိမ်

mgyoe.com

# ရှဂါးနို

mgyoe.com

ဂျော့ဟောရေ့လော်ရီမာရဲ့

**Letters from a self made Merchant to His son** စာအုပ်ကို

မြန်မာမှုပြုထားတဲ့ စာအုပ်ဖြစ်ပါတယ်။ မူရင်းစာအုပ်က

၁၉၃၆ ခုမှာ ၃၆ ကြိမ် ရိုက်နှိပ်ပြီးဖြစ်တယ်။

မော်လမြိုင်မြို့ရှိ ထွန်းလင်းစည်သွတ်လုပ်ငန်းပိုင်ရှင်သူဌေး ဦးထွန်းလင်းက

ရန်ကုန်တက္ကသိုလ်ကျောင်းသားနဲ့ လုပ်ငန်းခွင်ထဲ ရောက်ရှိနေတဲ့ သားဖြစ်သူ မောင်မျိုးမြင့်ကို

စာရေးပေးတဲ့ဟန်နဲ့ စုစုပေါင်း ပေးစာ ၁၀ စောင် တွေ့ရတယ်။

တက္ကသိုလ်ကျောင်းသား သဘောသဘာဝ၊ ငွေအသုံးအစွဲနဲ့ အချိန်သုံးစွဲပုံ စတာတွေဟာ

ဆုံးမမှုထက် ချင့်ချိန်တွေးဆမှုရှိအောင် ပြောပြထားတာ တွေ့ရပါတယ်။

လုပ်ငန်းခွင်ထဲက သားကိုတော့ လုပ်ငန်းသဘောသဘာဝ၊

ကုန်သည်တွေရဲ့ အနေအထား စတာတွေကို

အတွေ့အကြုံ လူပုဂ္ဂိုလ်တွေနဲ့ နှိုင်းယှဉ်ပြောပြထားတယ်။

လူငယ်ဘာဝ အချစ်နှင့် အိမ်ထောင်ရေးအကြောင်းတွေလည်း ပါပါတယ်။

လူငယ်လမ်းညွှန် စာအုပ်ပါ။

ISBN 9789997110084

NGN6

9 789997 110084

1,500.00KS

mgyoe.com

လေ့သားချစ်၊ ဦးအေးကျော်
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၃၂+ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၁ နဂါးနီထုတ် ပထမအကြိမ်။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဖေ့သားချစ်

ဦးအေးကျော်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရှိနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဥာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဥာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

# I

## ဖေ့သားချစ် (၁၉၄၁ ခု)

ဂျော့ဟောရေ့လော်ရီမာရဲ့ (Letters from a self made Merchant to His son) စာအုပ်ကို မြန်မာမှုပြု ဘာသာပြန်ဆိုထားတဲ့ စာအုပ်ဖြစ်ပါတယ်။ မူရင်းစာအုပ်မှာ ၁၉၃၆ ခုမှာ ၃၆ ကြိမ် ရိုက်နှိပ်ပြီးဖြစ်တယ်။

ဖေ့သားချစ်စာအုပ်မှာ မော်လမြိုင်မြို့ရှိ ထွန်းလင်း စည်သွတ်လုပ်ငန်းပိုင်ရှင်သူဌေး ဦးထွန်းလင်းက ရန်ကုန်တက္ကသိုလ်ကျောင်းသားနဲ့ လုပ်ငန်းခွင်ထဲ ရောက်ရှိနေတဲ့ သားဖြစ်သူ မောင်မျိုးမြင့်ကို စာရေး ပေးတဲ့ဟန်နဲ့ ရေးသားထားတာ တွေ့ရတယ်။ စုစု ပေါင်းပေးစာ ၁၀ စောင် တွေ့ရတယ်။

တက္ကသိုလ်ကျောင်းသားတွေကို တက္ကသိုလ်ရဲ့ ပညာရေးအနေအထား၊ ကျောင်းသားတွေရဲ့ သဘော သဘာဝ၊ ငွေအသုံးအစွဲနဲ့ အချိန်တွေကို အကျိုးရှိ

mgyoe.com

mgyoe.com



ဆုံးမမှုထက် ချင့်ချိန်တွေးဆမှုရှိအောင် ပြောပြထား တာတွေ တွေ့ကြရတယ်...။

လုပ်ငန်းခွင်ထဲ ရောက်ရှိနေတဲ့ သားကိုတော့ လုပ်ငန်းသဘောသဘာဝနဲ့ ကုန်သည်တွေရဲ့ အနေ အထားတွေကို ဖခင်က သူတွေ့ကြုံခဲ့ရတဲ့ အတွေ့ အကြုံ၊ လူပုဂ္ဂိုလ်တွေနဲ့ နှိုင်းယှဉ်ပြောပြထားတယ်။ ဒါပြင်... လူငယ်ဘာဝ အချစ်နှင့် အိမ်ထောင်ရေး အကြောင်းတွေကိုလည်း ဆွေးနွေးထားတာကို တွေ့ ကြရတယ်...။

ဖခင် ဦးထွန်းလင်းက သားဖြစ်သူ မောင်မျိုးမြင့် ထံ ပေးထားတဲ့စာတွေ ဖြစ်တယ်ဆိုပေမဲ့ အတွေ့ အကြုံရှိတဲ့ လုပ်ငန်းရှင်တစ်ယောက်က လူငယ်များ ကို လမ်းညွှန်သွန်သင်မှု ပေးနေတယ်လို့ မှတ်ယူနိုင် ပါတယ်။ လူငယ်များအတွက် ပညာသင်ကြားမှုနဲ့ ဖြစ်စေ၊ လုပ်ငန်းခွင်အနေနဲ့ဖြစ်စေ အသိပညာများကို တင်ပြဆွေးနွေးထားတဲ့ စာအုပ်ပါ။

❐

mgyoe.com

mgyoe.com

## 'ကန်တော့ပန်း'

အကျွန်ုပ်သည် ဤစာအုပ်ငယ်ဖြင့် ကျေးဇူးရှင် မိခင်ဖခင်၊ ဦးကြီး၊ ဦးလေးတို့နှင့် ဆရာသမားတို့အား ပူဇော်ကန်တော့အပ်ပါသတည်း။

အေးကျော်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အမှာ ဃ

၁။ မော်လမြိုင်မြို့ရှိ ထွန်းလင်းစည်သွတ်လုပ်ငန်းပိုင်ရှင်
သူဌေးဦးထွန်းလင်းထံမှ ရန်ကုန်တက္ကသိုလ်ကျောင်းရှိ
သားဖြစ်သူ မောင်မျိုးမြင့်ထံပေးစာ။ ၁

**မောင်မျိုးမြင့်မှာ တက္ကသိုလ်ကျောင်းဥပစာအောက်တန်းတွင်**
**ဝင်ရောက် ၍ စာသင်ခါစ ကျောင်းသားသစ်ကလေးဖြစ်လေသည်။**

၂။ မော်လမြိုင်မြို့ရှိ ထွန်းလင်းစည်သွတ်လုပ်ငန်းပိုင်ရှင်
သူဌေးဦးထွန်းလင်းထံမှ ရန်ကုန်တက္ကသိုလ်ကျောင်းရှိ
သားဖြစ်သူ မောင်မျိုးမြင့်ထံပေးစာ။ ၁၅

**မောင်မျိုးမြင့်၏ အသုံးစာရင်းကို တွေ့မြင်ရသဖြင့် ဦးထွန်းလင်းက**
**သားဖြစ်သူအား အသုံးအစွဲတွင် ဆင်ခြင်ရန်နှင့်**
**အပေါင်းအသင်းကို ဂရုစိုက်ရန် ဆုံးမဩဝါဒ ပေးခဲ့လေသည်။**


mgyoe.com

mgyoe.com

၃။ မော်လမြိုင်မြို့ရှိ ထွန်းလင်းစည်သွတ်လုပ်ငန်းပိုင်ရှင် သူဌေးဦးထွန်းလင်းထံမှ ရန်ကုန်တက္ကသိုလ်ကျောင်းရှိ သားဖြစ်သူ မောင်မျိုးမြင့်ထံပေးစာ။ ၂၇

**မောင်မျိုးမြင့်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းတွင် များးစွာ ပျော်ပိုက်သဖြင့် ဝိဇ္ဇာတန်းအောင်ပြီးသည့်နောက် ပညာဆက်လက်သင်ကြားခွင့်ပြုရန် တောင်းဆိုလိုက်လေသည်။**

၄။ မော်လမြိုင်မြို့ရှိ ထွန်းလင်းစည်သွတ်လုပ်ငန်းပိုင်ရှင် သူဌေးဦးထွန်းလင်းထံမှ ရှမ်းပြည်တောင်ပိုင်း ကလောမြို့တွင် ခေတ္တနေထိုင်သူ သား မောင်မျိုးမြင့်ထံပေးစာ။ ၄၃

**မောင်မျိုးမြင့်က ကျောင်းထွက်ပြီးသည့်နောက် အလုပ်မဝင်ခင်အတောအတွင်းတွင် ဒေသန္တရဗဟုသုတရရန်အလို့ငှာ တိုင်းတစ်ပါးသို့ လှည့်ပတ်လိုကြောင်း ခွင့်တောင်းခဲ့၏။**

၅။ မော်လမြိုင်မြို့ရှိ ထွန်းလင်းစည်သွတ်လုပ်ငန်းပိုင်ရှင် သူဌေးဦးထွန်းလင်းထံမှ ရှမ်းပြည်တောင်ပိုင်း အင်းလေးနယ်တွင် လှည့်ပတ်နေသူ သားမောင်မျိုးမြင့်ထံပေးစာ။ ၅၃

**မောင်မျိုးမြင့်က ဖခင်ဖြစ်သူထံမှ ပြန်စာကို ရရှိပြီးသည့်နောက် တိုင်းတစ်ပါးကိုသွားရန် အကြံအစည်ကို စွန့်လွှတ်လိုက်ပြီဟု ဖခင်ဖြစ်သူထံ စာပြန်လိုက်လေသည်။**

၆။ မန္တလေးမြို့သို့၊ ခေတ္တနယ်လှည့်ထွက်သွားသော သူဌေးဦးထွန်းလင်းထံမှ မော်လမြိုင်မြို့ရှိ ထွန်းလင်းစည်သွတ် လုပ်ငန်းဌာနတွင် စာပေးစာယူ စာရေးကလေးအဖြစ် ဝင်ရောက် လုပ်ကိုင်နေသည့် သားဖြစ်သူ မောင်မျိုးမြင့်ထံပေးစာ။ ၆၄

mgyoe.com

mgyoe.com

မောင်မျိုးဖြင့်မှာ အလုပ်အတောအတွင်းတွင်
မတော်တဆမှားယွင်းကာ စာထည့်လိုက်မိရာ ဇခင်ဖြစ်သူက
သိရှိသွားသဖြင့် သားအား သတိပေးလိုက်လေသည်။

၇။ မန္တလေးမြို့ရှိ ဆိုင်ခွဲတွင် ခေတ္တနေထိုင်သူ
သူဌေးဦးထွန်းလင်းထံမှ မော်လမြိုင်မြို့ရှိ သားဖြစ်သူ
ထွန်းလင်းစည်သွတ်လုပ်ငန်းဌာန၊ စာရေးကလေး
မောင်မျိုးမြင့်ထံပေးစာ။ ၇၅
မောင်မျိုးမြင့်မှာ ဇခင်ဖြစ်သူက များစွာမှ ယုံကြည်ကိုးစားသည့်
စာရေးကြီး ဦးမြသန်းအား သဘောချင်းမတိုက်ဆိုင်သဖြင့်
သူ့စိတ်တွင်ရှိသည့်အတိုင်း ဦးမြသန်းအကြောင်းကို
ခပ်ရှင်းရှင်းထည့်သွင်း၍ စာထဲတွင် ရေးသားလိုက်၏။

၈။ ရေပူစမ်းတွင် ကျန်းမာရေးအတွက် သွားရောက်၍နေထိုင်ရသော
သူဌေးကြီးဦးထွန်းလင်းထံမှ မော်လမြိုင်မြို့ရှိ
သားဖြစ်သူ မောင်မျိုးမြင့်ထံပေးစာ။ ၈၆
မောင်မျိုးမြင့်မှာ မကြာမီအတွင်းကပင် စာပေးစာယူ
စာရေးကလေးအဖြစ်မှ အကြွေးတောင်းသည့်ဌာနတွင်
ရာထူးတိုးတက်သွားသည်ဟု သိရသဖြင့် ဇခင်ဖြစ်သူက များစွာ
ဝမ်းသာအားရရှိကြောင်းကို စာရေးလိုက်၏။

၉။ ကျန်းမာရေးအတွက် ရေပူစမ်းတွင် ခေတ္တနေထိုင်သည့် သူဌေး
ဦးထွန်းလင်းက မော်လမြိုင်မြို့ရှိ ထွန်းလင်းစည်သွတ်လုပ်ငန်း
ဌာနရှိ သားဖြစ်သူ မောင်မျိုးမြင့်ထံပေးစာ။ ၁၀၄

mgyoe.com

mgyoe.com

မောင်မျိုးမြင့်က မိန်းကလေးတစ်ဦးအား ပိုးပန်း၍ပေးသည့် လက်ဆောင်ပဏ္ဏာများမှာ မတန်တဆ များလှသဖြင့် သားဖြစ်သူအား အလုပ်ဘက်သို့ စိတ်ညွတ်လာအောင် ရေးလိုက်၏။

၁၀။ မော်လမြိုင်မြို့ရှိ ထွန်းလင်းစည်သွတ်လုပ်ငန်းပိုင်ရှင် သူဌေးဦးထွန်းလင်းထံမှ မကွေးမြို့ရှိ သားဖြစ်သူ မောင်မျိုးမြင့်ထံပေးစာ။ ၁၁၉

မောင်မျိုးမြင့်အား နယ်လှည့်ကိုယ်စားလှယ်အလုပ်ကို တိုးတက်၍ပေးလိုက်သဖြင့် မောင်မျိုးမြင့်မှာ ကုန်ရောင်းရန်ထွက်ရလေသည်။

□

mgyoe.com

mgyoe.com

ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ ပူဇေမိ

**ဖေ့သားချစ်**

ဆီလျော်အောင် ဘာသာပြန်ဆိုသည်၊

## အမှာ

ဤစာအုပ်ကို "ခေတ်ဆန်းမေတ္တာစာ" ဟု ခေါ်နိုင်သဖြင့် "မှာတမ်း" နှင့် အထင်မှားသူများ ရှိကောင်းရှိပေလိမ့်မည်။ မေတ္တာစာဆိုသည်မှာ မေတ္တာကိုအရင်းခံလျက် မိဘက သားသမီး၊ ဆရာက တပည့်၊ မိတ်ဆွေတစ်ဦးက အခြားတစ်ဦးထံ မေတ္တာကူးတို့ပေးပို့သည့်စာကိုသာ မေတ္တာစာဟု ခေါ်သည့်အလျောက် ယခုစာအုပ်မှာလည်း ကုန်သည်ကြီးတစ်ဦးဖြစ်သူက သားဖြစ်သူထံ လိမ္မာရေးခြားရှိရန် သွန်သင်ဆုံးမသောစကားများသာဖြစ်သဖြင့် 'ခေတ်ဆန်းမေတ္တာစာ' ဟုပင် ခေါ်နိုင်လေသည်။

ယခုစာအုပ်မှာ စာရေးသူ၏ ပင်ကိုဉာဏ်သက်သက်ဖြင့် စထွင်၍ ရေးသားရသောစာ မဟုတ်ကြောင်းကို အတိအလင်းဝန်ခံပါ၏။ အမေရိကန်ပြည်ရှိ စာရေးဆရာကြီး ဂျော့ဟောရေ့ လော်ရီးမား ရေးသားထားသည့် 'Letters From a Self-made

mgyoe.com

mgyoe.com



Merchant to His Son' ဟူသောစာအုပ်ကို ဗမာပြည်အတွက် 'ဖေ့သားချစ်' ဟု ဘာသာပြန်ဆိုလိုက်ခြင်းသာဖြစ်ပါသည်။

မတူသည့်အရာကို တူအောင်လုပ်ရခြင်းသည် လောကတွင် အခက်ခဲဆုံးဖြစ်သည့်အတိုင်း အနောက်နိုင်ငံသားများအဖို့ အနောက်နိုင်ငံသားတစ်ဦးက ဗဟုသုတဖြစ်ရန် ရေးသားထားသည့် စာအုပ်ကို အယူအဆအလေ့အထမှစ၍ အစစတွင် ကွဲပြားခြားနားလျက်ရှိသော အရှေ့နိုင်ငံသားများဖြစ်ကြသည့် ဗမာလူမျိုးတို့ ဖတ်ရှု၍ကောင်းရန် ဗမာပြည်ကို နောက်ခံထားလျက် သင့်လျော်သလို ဘာသာပြန်ရသည့်ကိစ္စမှာ မလွယ်ကူသော ကြိုးပမ်းမှုတစ်ခုပင်ဖြစ်ပါသည်။

ထို့ထက်ခက်ခဲသည့်အရာမှာကား မူလစာရေးဆရာသည် စာအုပ်ထဲတွင် အမေရိကန်ခေတ်ဆန်ဆန်အသုံးအနှုန်းများကို ဟာသဉာဏ်ဖက်လျက် ရေးသားထားခြင်းပင်ဖြစ်၏။ ထို့ကြောင့်လည်း မူရင်းစာအုပ်မှာ ဖတ်ရှု၍ အတော်ပင်ကောင်းသည်ကို တွေ့ရပါသည်။ စာအုပ်ကောင်းမကောင်းကိုလည်း ၁၉၃၆ ခုနှစ်အထိ ၃၆ ကြိမ်တိုင်တိုင် ထပ်မံရိုက်နှိပ်ထုတ်ဝေရသည်ကို ထောက်ရှုခြင်းအားဖြင့် သိရှိနိုင်ပါသည်။

ဤကဲ့သို့ စာအုပ်ကောင်းတစ်အုပ်ကို ဘာသာပြန်ဆိုရာ၌ စိတ်ပျက်ဖွယ်ရာအခက်အခဲတို့ကို တွေ့

mgyoe.com

mgyoe.com



ကြုံရလင့်ကစား မဟာဇနကပျို့တွင်ပါရှိသည့် 'ပုစွန်လုံးလျောင်း၊ ခေါင်းမရှိလျက်၊ လမ်းဆက်ဝေးမြေ၊ ရောက်နိုင်လေ၏။ ခြေမရှိသည်၊ မြွေကျောက်ရှည်လည်း၊ စိတ်ရည်တိုင်းသာ၊ ရောက်နိုင်ပါ၏' ဟူသောစာပိုဒ်ကလေး၏ အားပေးမှုဖြင့် ဤစာအုပ်မှာ ပြီးစီးခြင်းသို့ ရောက်ရလေပြီ။

စာဖတ်သူပရိသတ်တို့သည် ဤစာအုပ်ကို နှစ်သက်သည်ဖြစ်ပါက မူလစာအုပ်ကို ရေးသားသူအားချီးမွမ်းထိုက်ပေ၏။ ဘာသာပြန်ဆိုသူအဖို့မှာကားဖတ်ရှုသူတို့တွင် တစ်နည်းတစ်လမ်း အကျိုးထူးရှိစေနိုင်ပါက အပင်ပန်းခံရကျိုးနပ်သည်ဟု ယူဆမည်ဖြစ်ပါကြောင်း။

ဝါခေါင်လဆန်း ၂ ရက်၊ ၁၃၀၃ ခုနှစ်

ရန်ကုန်မြို့ အေးကျော်

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အမှတ် - ၁

မော်လမြိုင်မြို့။
အောက်တိုဘာလ ၁ ရက်၊ ၁၈၉ ခု။

သား မောင်မျိုးမြင့်

မင်းမေမေတော့ ယနေ့မနက်ပဲ ချောချောမောမောနဲ့ အိမ်ကိုပြန်ရောက်ပြီ။ မင်းမေမေကဖြင့် မင်းကို စာတွေချည်း ကုပ်ပြီး ကြိုးစားမနေဖို့ရန် စာထဲမှာထည့်ရေးလိုက်ဖို့ရာ ဖေဖေ့ကို အထပ်ထပ်အခါခါ ပြောရှာတယ်။ ဖေဖေကတော့ မင်းကို စာတွေ သိပ်ပြီး မကြိုးစားဘဲ မနေဖို့ကိုသာ အကြိမ်ကြိမ်အခါခါ မှာချင်တာပဲ။ မင်းကို ကောလိပ်ကျောင်းပို့တာဟာ တက္ကသိုလ်ဆိုတဲ့အတိုင်း ပညာဗဟုသုတစုံတဲ့နေရာဖြစ်လို့ ပညာရနိုင်သမျှ ရစေလိုတဲ့သဘောနဲ့ ပို့လိုက်တာပဲ။ တကယ်လို့များ မင်းလက်နားကို ကမ်းလိုက်လို့ရှိရင် ပေးတဲ့ပညာကို တစ်ခါတည်း မိမိရရသာ တွယ်လိုက်ပေတော့။ ဒီပညာကို ငါမလိုချင်သေးဘူးလို့ မူလကျိတော့ လုပ်မနေလေနဲ့။ ဘာကြောင့်လဲဆိုတော့ ဖေဖေက မင်းဝေစုကို မင်းရစေလိုတဲ့အတွက် ဒီလိုပြောရတာပဲ။ လောကမှာ ပညာရှာတုန်းအခါဆိုရင် ဘာကိုမှ ရှက်စရာမလိုဘူး။ အရှုးလွယ်အိတ်လို တွေ့သမျှပညာကို ဆည်းပူးသိသိပ်ဖို့သာ လိုတာပဲ။ ပညာဆိုတာလည်း မင်းရဲ့

mgyoe.com

mgyoe.com


ပတ်ဝန်းကျင်တစ်ဝိုက်မှာ ကမ္ဘာနဲ့အမျှ ပျံ့နှံ့နေတယ်။ သို့သော်ပေမဲ့ ပညာတွေကို မင်းက ဆည်းပူးသိမ်းလိုသလောက်သာ ရနိုင်တယ်ဆိုတာကို မကြာခင်ပဲ မင်း နားလည်လာလိမ့်မယ်။ မင်းကသာ မသင်ချင်ဘူးဆိုရင်တော့ မိုးပေါ်က သိကြားမင်းကြီးကိုယ်တိုင် နားကင်းကြီးနဲ့ ဆင်းပြီးသင်တောင် မင်း တတ်မှာမဟုတ်ဘူး။ ဒီအတွက်တော့ ဘာမျှမပူနဲ့။ စိတ်သာချနေပေတော့။ အဲ... ပညာကလွဲရင် ကျန်တဲ့အရာတွေကတော့ ကိုယ်လိုချင်တိုင်း မရနိုင်ဘဲ သော့ပျောက်တဲ့ သော့ခလောက်လို တယ်ပြီး အသုံးရအစွဲရခက်တယ်ကွဲ့။

ဖေဖေ မင်းတို့အရွယ်တုန်းက အခု မင်းရတဲ့ အခွင့်အရေးမျိုးကို မရခဲ့ပေဘူး။ ဒါပေမဲ့ မင်းလည်း ဖေဖေရခဲ့တဲ့ ဗဟုသုတမျိုးကိုတော့ ရနိုင်မယ်မဟုတ်ဘူးကွဲ့။ 'လူအမျိုး နတ်အထွေထွေ' ဆိုတဲ့စကားအတိုင်း လောကမှာ လူချင်းတူပေမဲ့ အကျိုးပေးပုံချင်းကတော့ အင်မတန်မှ ကွာခြားတာကလား။ တချို့လူတွေဟာ ပိုက်ဆံကြေးငွေ တစ်ပြားတစ်ချပ်မှ မရှိတဲ့အတွက် သူတို့တစ်ဝိုက်မှာ သန်းပေါင်းများစွာရှိတဲ့ငွေထဲက နည်းနည်းပါးပါးရအောင် အပတ်တကုတ် ကြိုးစားအားထုတ်ပြီး ရှာရင်းဖွေရင်းနဲ့ ငွေတွင်းနက်တဲ့အကြောင်း၊ ငွေရဲ့ တန်ဖိုးရှိတဲ့အကြောင်းကို သိပြီးလာကြပေမဲ့ တချို့လူတွေကျတော့ ငွေလေးငါးသောင်းကို ကုတ်ကုတ်ကတ်ကတ် ရှာဖွေစုဆောင်းပြီးထားခဲ့တဲ့ မိဘတွေဆီက အမွေရလိုက်တော့ သူတို့ကိုယ်ကိုသူတို့ တစ်နှစ်မှာ ဝင်ငွေလေးငါးသောင်း ရတယ်လို့များ သဘောထားသလားမသိဘူး။ ငွေကို ရေလိုသုံးပြီး ငွေရဲ့တန်ဖိုး လုံးလုံးပဲ မသိရှာကြဘူးကွဲ့။

တချို့လူတွေဟာ လူလိမ်လူကောက်တွေနဲ့ ပေါင်းသင်းဆက်ဆံရင်းပဲ သစ္စာတရားရဲ့တန်ဖိုးကို နားလည်လာကြတယ်။ တချို့ကျတော့လည်း သီ◌ာင်းနေ့မှာ ကျောင်းကန်ဘုရားသွားပြီး တရားပေစာ ကြားနာ

mgyoe.com

mgyoe.com


ရင်းနဲ့ပဲ သစ္စာတရားရဲ့တန်ဖိုးကို အလိုလို သိလာကြတာပဲ။ တချို့တော့ သေရည်သေရက်ကြောင့် ဒုက္ခမျိုးစုံကို တွေ့ကြုံခံစားရတယ်ဆိုတဲ့ သင်ခန်းစာကို အဖေ အရက်သမားထံက ရသလို တချို့လည်း အမိကောင်းသား ဖြစ်ရတဲ့အတွက် အရက်ရဲ့ ဆိုးဝါးမှုသဘောတရားကို နားလည်လာကြတယ်။ တချို့လူတွေဖြင့် စာနယ်ဇင်းတို့ကို ဖတ်ရှုခြင်း၊ ပြည်သူ့ပိဋကတ်တိုက်များသို့သွားခြင်း၊ အများနဲ့ ပေါင်းသင်းဆက်ဆံခြင်းတို့ကို ပြုလုပ်တာနဲ့ပဲ ပညာဗဟုသုတရကြတယ်။ တချို့ကျတော့လည်း ပါမောက္ခတွေ၊ စာအုပ်ပေစာတွေထံက ပညာရကြပြန်တယ်။ လိုရင်းကတော့ ဘယ်နည်းနဲ့ရရ ပညာရတာကိုသာ အဓိကထားရမယ်။ ကုန်ပစ္စည်းတစ်ခုကို မျက်စိကျပြီးတဲ့နောက်မှ ဒီအပေါ်ကထုပ်ထားတဲ့ စက္ကူကို ဘယ်သူက ဂရုမူဦးမှာလဲ။ ဒီစက္ကူဟာလည်း ထုံးစံအတိုင်းဆိုရင် အမှိုက်ခြင်းထဲကိုသာ မြန်းရမယ်မဟုတ်လား။ လူတိုင်းလိုပဲ အဓိကထားတဲ့အချက်ကတော့ အထုပ်ထဲမှာရှိတဲ့ ကုန်ပစ္စည်းသာဖြစ်တယ်။ ဒီပစ္စည်းတောင်မှ စားဖိုဆောင်က စားတော်ကဲထံကို ရောက်တာနဲ့တစ်ပြိုင်နက်ကောင်းတယ်၊ ဆိုးတယ်ဆိုတာ တစ်ခါတည်း ကွဲပြားပြီး နန်းဇာတိရုပ်ပေါ်လာမှာပဲ။

မီးဖိုချောင်ဆိုတဲ့စကားကို ရောက်သွားလို့ ဆက်ပြီးပြောရဦးမယ်။ ဥပမာ–မင်းဟာ ဝက်သားကို သရက်သီးကုလားတည်နဲ့ ဟင်းလေးချက်ရင်လည်းရတယ်။ ကြက်သွန် ငရုတ်သီး များများထည့်ပြီး ဝက်သားနီဆီပြန်ကလေးချက်ရင်လည်း ဖြစ်နိုင်တာပဲ။ ဘယ်နည်းနဲ့ချက်ချက် စားလို့တော့ ကောင်းမှာပဲမဟုတ်လား။ ဒါပေမဲ့ မင်းချက်တဲ့ဝက်သားဟာ အသားကောင်းဖြစ်ဖို့ရန်လိုတယ်။ တကယ်လို့သာ အသားမကောင်းခဲ့လို့ရှိရင် ဘယ်လိုပဲချက်ချက် ကုန်ကုန်ပြောမယ်ကွယ်။ ဝိသုကြုံနတ်သားဆင်းချက်တောင် မကောင်းတဲ့ဝက်သားဟာ အရသာပေါ်ပြီးမလာနိုင်

mgyoe.com

mgyoe.com


ဘူး။ ဒီလိုပဲ ပင်ကိုဇာတိက စာတတ်ခံမကောင်းတဲ့လူကျရင်လည်း မင်းက ဘယ်လိုပဲပြုပြင်ပြုပြင် ချက်မရတဲ့ ဝက်သားအပုပ်လို ဇာတိရုပ်တော့ ပြစမြဲပဲ။

အမှန်အတိုင်းပြောရမယ်ဆိုရင် ပညာဆိုတာ ဦးစွာပထမ ရာဇဝွေ ဆည်းပူးတဲ့သူရဲ့ အကျင့်စာရိတ္တကို ကောင်းမွန်လာအောင် ပြုပြင်ပေးရမယ်။ ဒုတိယအချက်ကတော့ တကယ့်ပညာအစစ်ကိုပေးရမယ်။ အဲဒီနှစ်ချက်ကို အဓိကထားမိတော့ ဖေဖေဖြင့် မင်းကို တက္ကသိုလ်ကျောင်းပို့ဖို့ စဉ်းစားတုန်းက အတော်ပဲ ရင်လေးမိခဲ့တယ်။ ဒီလိုရေးလိုက်တာနဲ့ ဖေဖေက မင်းကို ဆုံးမစကားပြောကြားချင်လို့ စပြီး ပဏ္ဏာမပျိုးတာပဲလို့ မင်းစိတ်ထဲမှာ အထင်မလွဲစေချင်ဘူး။ ဘာကြောင့်လဲဆိုတော့ သဘာဝစာတတ်ခံကောင်းတဲ့ လူငယ်မှန်ရင် တခြားလူတွေက မဆုံးမရဘဲ သူကိုယ်ကို သူ့ရဲ့ အဇ္ဈတ္တစာတတ်ခံအတိုင်း ပိုမိုပြီး ပြုပြင်တတ်တဲ့အလေ့ရှိတာကို ဖေဖေက ကောင်းကောင်းကြီးသိတာကိုး။ ပြီးတော့လည်း ဒီလိုစာတတ်ခံကောင်းတဲ့ လူငယ်ကလေးတွေကျရင် အမှားကို ပြလိုက်ရုံနဲ့ လမ်းမှန်ကို ရှာကြံပြီး သွားနိုင်တဲ့သတ္တိလည်း ရှိတာပဲ။

ဒါနဲ့ ဖေဖေမှတ်မိသေးတယ်။ ဖေဖေငယ်ငယ်တုန်းက တခြားလူငယ်ကလေးတွေလို မမိုက်ခဲ့မတေခဲ့ဘူး။ ဖေဖေတို့ကိုးကွယ်တဲ့ ဆရာတော် ဦးသုမနကတောင် ဖေဖေ့ကို သံသရာဘောင်ထဲကထွက်ပြီး လောကုတ္တရာဘက်ကို ကူးလိမ့်မယ်လို့ အမြဲအထင်ရှိတယ်။ ဒါကြောင့်လည်း တရားပွဲမှာများ လူစည်ကားလာပြီဆိုမှဖြင့် ဆရာတော်က ဖေဖေ့ကို လူလယ်ကောင်မှာထားပြီး မင်းသံသရာဝဋ္ဋ်ထဲက လွတ်မြောက်လိုတဲ့စိတ်မရှိဘူးလားလို့ အမြဲမေးတာပဲ။ ဖေဖေ့မှာတော့ ဆုံလည်နွားလိုနေတဲ့ သံသရာဝဲဩဃထဲက လွတ်မြောက်လိုတဲ့စိတ်တော့ အနည်းနဲ့အများရှိတာပေါ့။ ဒါပေမဲ့ အမှန်အတိုင်းပြောရမယ်ဆိုရင် ခုလို လူလယ်ကောင်က

mgyoe.com

mgyoe.com


နေပြီး လှူသိနတ်ကြား နိဗ္ဗာန်သွားလိုတဲ့အကြောင်းပြောရမှာ ဖေဖေဖြင့် အတော်ပဲ ဝန်လေးမိခဲ့တယ်။ အဲဒီတုန်းက ဖေဖေ့အဖြစ်အပျက်ဟာ သဃ်ဇာဆရာတော်ဘုရားမိန့်ကြားသွားတဲ့ စကားပုံကလေးတစ်ခုနဲ့ ခပ်ဆင်ဆင်တူတာပဲ။ ရှေးတုန်းက အဘိုးကြီးတစ်ယောက်ရှိသတဲ့။ ဒီအဘိုးကြီးက နေ့တိုင်းပဲ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ဘုရားရှိခိုးသတဲ့။ ဘုရားရှိခိုးအဆုံးမှာလည်း နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ရပါလို၏။ နိဗ္ဗာန်မရခင်စပ်ကြား၌ နတ်တို့၏စည်းစိမ်ကို အကြိမ်ကြိမ် ခံစားရပါလို၏ အရှင်ဘုရားလို့ အသံကျယ်ကြီးနဲ့ ဆုတောင်းသတဲ့။ ဒီတော့ကာ ကာလသား ခပ်နောက်နောက်တစ်ယောက်က နားငြီးတာနဲ့ တစ်နေ့တော့ နတ်ဝတ်တန်ဆာတွေကို ချုပ်ပြီး အဘိုးကြီးဘုရားမရှိခိုးခင် ဘုရားစင်အောက်မှာ ဝင်ပြီး ပုန်းနေပါရောတဲ့။ အင်း... ဘုရားရှိခိုးလည်းဆုံးလို့ နိဗ္ဗာန်ကို ရက်တိုတိုနဲ့ ရပါလို၏လို့ ရွတ်တာလည်းဆုံးရော ဖြုန်းခနဲ ဘုရားစင်နောက်ကထွက်လာပြီး အဘိုးကြီးလက်ဆွဲရင်း ပါးစပ်ကလည်း "ဘကြီး၊ ခင်ဗျားဟာ နေ့တိုင်းနေ့တိုင်း နတ်စည်းစိမ်ကို ခံစားရပါလို၏လို့ ဆုတောင်းတာနဲ့ အကျွန်ုပ်သိကြားမင်းဟာ မနေနိုင်၍ ဘကြီးကို ကိုယ်တိုင်ပဲလာခေါ်ရတယ်" လို့ပြောသတဲ့။ ဒီတော့ အဘိုးကြီးလည်း ဒူးတွေဘာတွေတုန်ပြီး နတ်မင်းကိုလည်းရှိခိုးပြီး "လိုက်တော့ လိုက်ချင်ပါတယ် နတ်မင်းရယ်။ ဒါပေမဲ့ ရှင်မကို တိုင်ပင်ရအောင် ခဏကလေး ခွင့်ပေးစေလိုပါတယ်" လို့ပြောပြီး အောက်ကို ကပျာကယာဆင်းပြေးသတဲ့။ အဲဒီကတည်းကစပြီး ဒီအဘိုးကြီးလည်း ဘယ်တော့မှ အော်ကျယ်ဟစ်ကျယ် ဆုမတောင်းတော့ဘူးတဲ့။ ဖေဖေ့မှာလည်း ဒီနည်းအတိုင်းပဲ။ နိဗ္ဗာန်ကိုသွားဖို့ထားဦး၊ နိဗ္ဗာန်ကိုသွားချင်တဲ့အကြောင်းကို လူထဲကနေပြီး ပြောရမှာကို အတော်ပဲ ကြောက်မိခဲ့တာပဲ။

စင်စစ်တော့ လူငယ်တစ်ယောက်ဟာ အမိကောင်းသားဖြစ်ခဲ့ရင်

mgyoe.com

mgyoe.com


အမူအကျင့်ကောင်းစမြဲပဲ။ ဒီလိုအကျင့်ကောင်းတဲ့ လူငယ်တစ်ယောက်ကို အကောင်းနဲ့အဆိုးခွဲခြားပြီး သတ်မှတ်ပေးနေဖို့မလိုဘူး။ မင်းလည်း ခုတော့ မိခင်ရဲ့အုပ်ထိန်းခြင်းအောက်က လွတ်မြောက်ပြီ။ မင်းကိုယ်မင်း စောင့်ရှောက်ဖို့ရာ လောကအလယ်မှာ လူငယ်တစ်ယောက်ဖြစ်လာပြီ။ ဒီတော့ကာ မိနစ်တိုင်း နာရီတိုင်းမှာလိုလိုပဲ မင်းဟာ အာရုံအသစ်အဆန်းတွေကို တွေ့ကြုံခံစားရမယ်ဆိုတာ ဖေဖေယုံကြည်တယ်။ "နှိုင်းနှိုင်းချိန်ချိန် သုခမိန်" ဆိုတဲ့စကားအတိုင်း ဒီလို အာရုံအသစ်အဆန်းတွေနဲ့ တွေ့ကြုံတဲ့အခါမှာ ဟင်းများကိုမစားခင် မြည်းကြည့်သလို ကိုယ်နဲ့ သင့်မသင့်၊ လျော်မလျော်ကို မင်းရဲ့ပင်ကိုဉာဏ်နဲ့ ချင့်ချိန်ဝေဖန်နိုင်ဖို့ အထူးပဲအရေးကြီးတာပဲ။ ဟင်းဟာ သိုးပုပ်မနေဘူး။ ချဉ်ပြုမနေဘူးဆိုရင် စားကောင်းသလို မင်းတွေ့တဲ့ အာရုံအသစ်ဟာလည်း မင်းကို ဒုက္ခမပေးဘူးဆိုတာ သိခဲ့လို့ရှိရင် မင်းနဲ့ သင့်လျော်ပြီလို့ ယူဆရမယ်ကွဲ့။

ဖေဖေ့စိတ်ထဲမှာ မင်းကို ကျောင်းသားကောင်းတစ်ယောက်ဖြစ်ဖို့ရန် သိပ်ပြီး လိုလားခဲ့တယ်။ ဒါ့ထက် မင်းကို အပြစ်ကင်းပြီး စံတင်လောက်တဲ့ လူကောင်းတစ်ယောက်ဖြစ်ဖို့ရန် အဆပေါင်းများစွာ ပိုမိုပြီး လိုလားတာပဲ။ တကယ်လို့ မင်းသာ ကိုယ်ကျင့်တရားမပျက်ပြားဘဲ ဝိဇ္ဇာဘွဲ့ထူးကို ဆွတ်ခူးနိုင်ခဲ့လို့ရှိရင် မင်းဟာ စာဘက်မှာ သိပ်မထူးချွန်တောင် ဖေဖေက လျစ်လျူရှုပြီး ခွင့်ပြုနိုင်ပါတယ်။ တကယ်တမ်း ပြောကြစို့ဆိုရင် မင်းတို့တက္ကသိုလ်ကျောင်းမှာ ပညာရနိုင်တာ နှစ်ဌာနတောင်ရှိတာပဲ။ ပညာဆိုတာ သင်ခန်းစာတွေထဲမှာ စာပေသင်ကြားရင်းနဲ့ပဲ ပါမောက္ခတွေ ကထိကတွေထံက ပညာဉာဏ်ရနိုင်သလို စာသင်ခန်းတွေရဲ့ ပြင်ဘက်မှာ မင်းနဲ့ ပေါင်းသင်းဆက်ဆံနေတဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေထံကလည်း ပညာရနိုင်သေးတာပဲ။ ခုလို အတွင်းပညာနဲ့ အပြင်ပညာ နှစ်မျိုးနှစ်စားရှိတဲ့အနက် နှစ်အချက်ဖြစ်တဲ့ အပြင်ဘက်ပညာရေး

mgyoe.com

mgyoe.com


ဟာ အင်မတန်မှ အရေးကြီးတယ်ဆိုတာ သတိပြုရမယ်။ ဘာကြောင့်လဲ ဆိုတော့ ပထမပညာမျိုးက မင်းကို ကျောင်းသားကောင်းတစ်ယောက်ဖြစ် အောင်သာ ပြုပြင်ပေးနိုင်မယ်။ ဒုတိယပညာမျိုးကသာ မင်းကို လူ ကောင်းတစ်ယောက်ဖြစ်လာအောင် ပြောင်းလဲပေးနိုင်တာကလားကွဲ့။

စင်စစ်မှာ ပညာရှာတာဟာ အစားအစာ မှီဝဲသုံးဆောင်တာနဲ့ အတော်ပဲတူတာပဲ။ လူတစ်ယောက်ဟာ အစာစားခဲ့လို့ရှိရင် ဘယ်အစာ က သူ့ကို အာဟာရဖြစ်စေတယ်လို့ မပြောပြနိုင်ပေမဲ့ ဘယ်အစာက သူ့ကို ဥပဒ်ပေးတယ်ဆိုတာကိုတော့ ပြောနိုင်စမြဲပဲ။ ဥပမာဆိုပါတော့ ကွယ်။ တကယ်လို့ မင်းဟာ အုန်းထမင်းကို ကြက်သားဟင်းရယ်၊ အစိမ်းကြော်ရယ်၊ ဝမ်းဘဲပေါင်းရယ် စားပြီး သစ်သီးစုံဖျော်ရည်လည်း သောက်မယ်။ တခြား တို့တို့တိတိဆိုသလိုပဲ စားမယ်ဆိုရင် ဘယ်အစာ ဟာ မင်းကို အသွေးအသားဖြစ်စေမယ်လို့ မင်းမပြောနိုင်ပေဘူး။ ဒါပေမဲ့ ဘယ်အစာက မင်းကို 'ပိန်ကီလာဆေး' တောင်းတယ်။ နို့ပြီး တညဦပတ် လုံးလုံး မနေနိုင်မထိုင်နိုင်အောင် မင်းဒုက္ခရောက်ရတာဟာ ဘာကိုစားမိ လို့ နောက်တစ်နေ့မနက်မှာ ပြောဖို့ကို မင်းသိပ်ပြီး ဉာဏ်ကောင်းနေဖို့ မလိုဘူးကွဲ့။

ဒီအတိုင်းပဲ ကျောင်းသားတစ်ယောက်ဟာ လောကအလယ် ရောက်လို့ ဘဝတစ်လျှောက် ကြီးပွားတိုးတက်လာခဲ့လို့ရှိရင် ဒီလိုအောင် မြင်တာဟာ အက္ခရာသင်္ချာကြောင့်ပဲလား၊ ရာဇဝင်ပညာကြောင့်ပဲလား။ ပါဠိတို့၊ ပထဝီတို့ကြောင့်ပဲလားလို့ ဂဃနဏ မပြောပြနိုင်ပေမဲ့ သူ့မှာ အစာမကြေဖြစ်ရတာဟာ ဒီပညာတွေကြောင့်တော့ မဟုတ်ဘူးဆိုတာကို မုချ လောင်းရဲမှာပါပဲ။ သူ့ကို တကယ်ဥပဒ်ပေးတဲ့ ပညာကိုသာ လိုက် ပြီးရှာမယ်ဆိုရင် အပျော်အပါးတွေ၊ အစားအသောက်တွေ၊ မကောင်းတဲ့ အပေါင်းအသင်းတွေကသာ သူ့ကို ဂြိုဟ်မွှေနေတဲ့ လက်သည်တွေပဲဆို

mgyoe.com

mgyoe.com

တာကို တစ်နေ့မှာ သေသေချာချာပြောပြီး ပြနိုင်လိမ့်မယ်။

ဖေဖေတို့ကုန်သည်ဘက်ကလူတွေ ဂရုစိုက်တဲ့ပညာရေးကတော့ တက္ကသိုလ်ကျောင်းအပြင်ဘက်က ကျောင်းသားအချင်းချင်း ပေါင်းသင်း ဆက်ဆံရင်းရတဲ့ ပညာမျိုးသာဖြစ်တယ်။ ဒီပညာမျိုးမှ ငွေကုန်ခံရကျိုးနပ် တယ်လို့ သူတို့က ယူဆကြတာပဲ။ အခုတော့ တက္ကသိုလ်ကထွက်တဲ့ ရှုနာရှိုက်ကုန်းကလေးတွေ၊ ညှော်ရှိရင်ပြောပါဗျို့လို့အော်ရတဲ့ လူပျို တစ်ခုလပ်ကလေးတွေ၊ ပိုးလုံချည် ပိုးအင်္ကျီဝတ်ပြီး ဟန်ဓာတ်ခုတ်တဲ့ ဘသားချောတွေ၊ သုံးတောင်ဝတ်မိန်းမသားရဲ့ ထဘီနားကို ခိုစားလိုတဲ့ သာရာစီးတွေ၊ မြင်းလောင်း၊ ဖဲရိုက်မိန်းမလိုက်နေတဲ့ မိကောင်းဖခင်သား လူ့ဗာလကလေးတွေ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ တစ်ကိုယ် ကောင်းသမား လူငနွားကလေးတွေကြောင့်ပဲ တက္ကသိုလ်ပညာရေးဟာ လူတကာက အထင်အမြင်သေးစရာ ဖြစ်နေရရှာတော့တာပဲ။

ဒီတော့ကာ တက္ကသိုလ်ပညာရေးဟာ ငွေကုန်ကြေးကျခံရကျိုးနပ် ရဲ့လားဆိုတဲ့ ပြဿနာတစ်ရပ် ပေးပြီးလာတယ်။ ဖေဖေတို့ ကုန်သည် ဘက်က အသုံးအနှုန်းအတိုင်း ပြောရမယ်ဆိုရင် တစ်ကျပ်တန်တဲ့ ပစ္စည်း ဟာ အနည်းဆုံး တစ်ကျပ်ခွဲရမှ အမြတ်ပေါ်တယ်လို့ခေါ်တယ်။ အခု မင်းသင်နေတဲ့ ပညာဟာလည်း ဖေဖေပြောသလို အမြတ်ထွက် မထွက်၊ အရင်းကျေ မကျေကို မင်းကိုယ်တိုင်ပဲ အဖြေပေးစေချင်တယ်။ မင်းတို့က တော့ ထုံးစံအတိုင်း တန်ဖိုးရှိတဲ့အကြောင်းကို အကိုးအကားနဲ့ ပြောလိမ့် မယ်ဆိုတာကို ဖေဖေက တွေးမိပါရဲ့။ နို့ပေမဲ့ တက္ကသိုလ်ပညာမှ မဟုတ် ဘူး၊ ဘယ်ပညာမျိုးမဆို ကလေးတစ်ယောက်ကို တခြားကလေးတွေ ခဲတံကိုက်ပြီး စဉ်းစားနေတုန်းမှာ အဖြေမှန်ရအောင် သင်ပေးနိုင်ရင် ပညာ ကောင်းပညာမှန်လို့ ခေါ်ရမှာပဲ။

ဖေဖေသိသလောက်ပြောရမယ်ဆိုရင် တက္ကသိုလ်ကျောင်းကတော့

mgyoe.com

mgyoe.com


လူအန္တ၊ လူ့ဗာလကလေးတွေဖြစ်လာအောင် သင်မပေးတာ အမှန်ပဲ။ သို့သော်လည်း တချို့လူငယ်ကလေးတွေဟာ တက္ကသိုလ်တွေမှာ နေရင်းနဲ့ပဲ လူဖျင်းလူနုံ၊ ဆန်ကုန်မြေလေး၊ ဖိုးစောကလေးတွေ ဖြစ်မှန်းမသိ ဖြစ်လာကြတာပဲ။ ဒီလိုတက္ကသိုလ်က လူ့ဗာလကလေးတွေဖြစ်လာအောင် သင်မပေးလိုက်ဘူးဆိုလို့ တချို့က ဒါဖြင့်ရင် တက္ကသိုလ်က လူထက်လူမြက်ကလေးတွေချည်း ဖြစ်လာအောင်များ သင်ပေးနိုင်သလားလို့ မေးချင်မေးကြမယ်။ ဒီလိုဖြစ်လာအောင် တက္ကသိုလ်က သင်မပေးနိုင်တာကတော့ အမှန်ပဲ။ နို့ပေမဲ့ တချို့တော့ တက္ကသိုလ်ကျောင်းမှာ နေရင်းနဲ့ပဲ တစ်နေ့တခြား ထက်မြက်တဲ့ လူတော်ကလေးတွေဖြစ်လာတာကိုလည်း ဖေဖေ တွေ့ရသေးတယ်။

ဇာတိပဋိသန္ဓေတည်လို့ အလိုလိုဖျင်းနုံလာတဲ့ လူ့အန္တကျတော့ ကောလိပ်ကျောင်းသွားသွား၊ မသွားသွား လူဖျင်း လူဖျင်းပဲနေမှာပဲ။ အဲ တစ်ခုတော့ ပြောစရာရှိရဲ့။ လူဖျင်းချင်းယှဉ်လိုက်ရင် သူကတော့ တက္ကသိုလ်ပညာတတ်လူဖျင်းမို့ အနည်းအကျဉ်းတော့ သူများထက် ထူးခြားပေမှာပေါ့။ ပင်ကိုဇာတ်ခံကောင်းလို့ ထက်မြက်တဲ့လူကျတော့ အောက်တန်းစားဘဝဖြစ်တဲ့ ရရစားစား ဝါးဝါးမျိုးမျိုးဘဝမျိုးမှာပဲဖြစ်ဖြစ်၊ ပိုးမွေးသလို ရွှေပေါ်မြတင်နဲ့ မွေးမြူပြုစုတာခံရတဲ့ အထက်တန်းစားလူချမ်းသာရဲ့ သားသမီးပဲဖြစ်ဖြစ် ထက်မြက်မှာ မုချပဲ။ ဒီတော့ကာ လူဖျင်းလူနုံတစ်ယောက်အဖို့ တက္ကသိုလ်ပညာကို ရရ၊ မရရ အရေးမပါလှပေမဲ့ ဉာဏ်ထက်မြက်တဲ့သူအဖို့တော့ တက္ကသိုလ်ပညာကို မရခဲ့လို့ရှိရင် ကံဆိုးတယ်လို့ ယူဆရပေမယ်။ ဥပမာ ဘာနဲ့တူသလဲဆိုတော့ လက်ဖွဲ့ပွဲတစ်ခုမှာ အရမ်းဝင်၊ အရမ်းထိုးတဲ့ ကော်ရင်ဂျီနပန်းသတ်နည်းမျိုးကိုပဲ သုံးသုံး၊ မျက်နှာထားတည်တည်နဲ့ စည်းစနစ်ကျကျ ရှောင်တိမ်းပြီး တစ်ဖက်သားကို အလစ်မှာ အလဲထိုးတဲ့နည်းကိုပဲသုံးသုံး နှစ်ခုစလုံးဟာ

mgyoe.com

mgyoe.com


နိုင်နိုင်တာပဲ။ ဒါကြောင့် ထက်မြက်တဲ့လူ ပြုလုပ်ဆောင်ရွက်တဲ့ကိစ္စကျ တော့ အထက်တန်းပညာမရှိပေမဲ့ ကော်ရင်ဂျီနပန်းသတ်နည်းဟာ အနိုင် ရနိုင်သလို သူ့ရဲ့ ပင်ကိုဉာဏ်အလျောက် ကြီးပွားနိုင်တာပဲကွဲ့။ အင်း နှစ်ဦးစလုံးမှာ အရည်အချင်းချင်းတူနေတဲ့အခါမျိုးကျတော့ ဉာဏ်ရည် သာတဲ့လူက နိုင်ပေမှာပေါ့။ ဒီတော့ကာ ထက်မြက်တဲ့လူကို အထက် တန်းပညာသင်ပေးခဲ့လို့ရှိရင် ပိုပြီးကြီးပွားနိုင်တဲ့အတွက် ကျောက်ကောင်း ကို အရောင်တင်ပေးတာနဲ့တူတယ်လို့ ဆိုရမယ်။

ဒီလိုပြောလိုက်တာနဲ့ ဖေဖေဟာ လူတိုင်းကို ခြွင်းချက်မရှိ ပညာ သင်ပေးဖို့လိုလားတဲ့ လူတစ်ယောက်ရယ်လို့ လျှော့နံဓားထစ် မမှတ်လိုက် နဲ့ဦး။ ဖေဖေ့ ကိုယ်တွေ့သင်ခန်းစာကလေးတွေကြောင့် လူတိုင်းဟာ ပညာတတ်ဖို့ကောင်းတယ်လို့ ယေဘုယျအားဖြင့် ပြောချင်ပေမဲ့ လူတိုင်း ကို ပညာသင်မပေးသင့်ဘူးဆိုတဲ့ ခြွင်းချက်ကလေးတစ်ခုကိုတော့ ထား ချင်သေးတယ်ကွဲ့။ ဘာကြောင့်လဲဆိုတော့ တချို့လူငယ်ကလေးတွေကျ တော့ ဝက်ကလေးတွေနဲ့ သိပ်ပြီးတူတာပဲ။ သူတို့ကို ပညာများများသင် ပေးလေ သူတို့ဟာ လူရယ်စရာကောင်းတဲ့ သတ္တဝါကလေးတွေ တစ်နေ့ တခြား ဖြစ်လာလေပဲ။ ဒီထက်ဆိုးတာကတော့ သူတို့က ဉာဏ်စွမ်းဉာဏ် စပြတော့မှ သူတို့ဟာ လူ့လောကနဲ့ အဆင်မပြေတဲ့ ခွကျတတ ကောင် ကလေးတွေ ဖြစ်နေမှန်း လူပိုသိလာပါရောကွဲ့။ ထုံးစံအတိုင်းဆိုရင် ဒီလိုကောင်ကလေးတွေကျတော့ တက္ကသိုလ်ကျောင်းကိုမပို့ဘဲ ဆပ်ကပ် ပြပွဲကိုသာ ပို့ဖို့တောင်ကောင်းတယ်။

ပညာတတ်ဝက်ကလေးတွေအကြောင်းပြောတော့ ဖေဖေရဲ့ မိတ် ဆွေကြီး ဦးသာဗျောနဲ့ သူ့သား အောင်ထူးအကြောင်းကို သွားပြီး သတိရ မိတယ်ကွဲ့။ ဦးသာဗျောနဲ့ဟာ လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကတည်းက ပဲ အတော်ပဲ ခင်မင်ရင်းနှီးခဲ့ကြတယ်။ ထူးဆန်းတာကတော့ ဦးသာဗျော

mgyoe.com

mgyoe.com


ဟာ ကုန်သည်တစ်ယောက်သာ လုပ်နေတယ်။ စီးပွားရေးမှာဆိုရင် သူများလို တစ်နေ့တခြား ကြီးပွားလာမယ့်အစား တစ်နေ့တခြား ဆုတ်ယုတ်ပြီးလာတာကိုသာ တွေ့ရတယ်။ နို့ပေမဲ့ ဒီအလုပ်ကလွဲလို့ တခြားအလုပ်ကို မလုပ်တတ်တော့ ဒီအဘိုးကြီးဟာ သူ့အဖို့ မျှော်လင့်စရာမရှိတဲ့ ကုန်သည်အလုပ်ကိုပဲ ကုတ်ကုတ်ကတ်ကတ်နဲ့ လုပ်နေရရှာတော့ပဲ။ ဖေဖေကို တွေ့တဲ့အခါတိုင်း ဦးသာဗျောက သူ့မှာ တစ်သက်လုံး ခဲခဲယဉ်းယဉ်းနဲ့ အသက်မွေးလာရတဲ့အကြောင်း၊ သူ့ဖြင့် သူ့သား အောင်ထူးတစ်ယောက်ကိုပဲ အားကိုးအားပြုရတော့မယ်ဆိုတဲ့အကြောင်းကို မကြာခဏ ပြောပြရှာတယ်ကွဲ့။

ဒါကြောင့် သူ့သားကလေးကို အင်္ဂလိပ်ကျောင်းမှာထားတယ်။ နွေရာသီကျောင်းပိတ်တော့ အအားမထားဘဲ တူရိယာကျောင်းကို ပို့ပြန်တယ်။ ဆယ်တန်းအောင်တော့ တက္ကသိုလ်ကျောင်းထိ ဆက်ပြီး ပို့ပြန်တယ်။ ဒီလိုနဲ့ သူ့အလုပ်နေရာမကျတိုင်း သူ့သားကလေးကို အားကိုးတစ်ခုပြုပြီး ပညာကိုသာ တွင်တွင်ကြီး သင်ပေးနေတော့တာပဲ။ သူ့သားကလေးလည်း ဘီအေအောင်ရော သူ့လက်ထဲမှာလည်း တစ်ပြားတစ်ချပ်မှ မကျန်တော့ဘူး။ အဲဒီအခါကျတော့ ဖေဖေ့ကိုယ်တိုင် သူ့သားအောင်ထူးနဲ့တွေ့ပြီး သူ ဘယ်လိုအလုပ်မျိုးကို ဝါသနာပါသလဲဆိုတာကို ဆွေးနွေးကြည့်ခဲ့တယ်။ ဖေဖေ့စိတ်ထဲမှာ အစတုန်းကတော့ အောင်ထူးကို ရှေ့မှာ ကြီးပွားနိုင်တဲ့ ကိုယ်ပိုင်အလုပ်ကလေးတစ်ခုကို တည်ထောင်ပေးမယ်လို့ ကြံစည်ထားတာကလား။ ဒါပေမဲ့ သူ့မှာ သူများကို ဦးစီးခေါင်းဆောင်လုပ်နိုင်တဲ့ အရည်အချင်းမရှိတာကို ဖေဖေတွေ့ရတယ်ကွဲ့။

ဒါနဲ့ ဖေဖေက အောင်ထူးနဲ့ဖြင့် ဟန်ရဲ့လို့ထင်မိတာနဲ့ သူ့ကို ဘဏ်တိုက်တစ်ခုမှာ အလုပ်သွင်းပေးခဲ့တယ်။ အောင်ထူးဟာ ဘဏ်တိုက် ဘယ်ပုံဘယ်နည်း စတင်ဖြစ်ပေါ်လာတယ်ဆိုတဲ့ ရာဇဝင်ကို ဘဏ်

mgyoe.com

mgyoe.com


တိုက်မန်နေဂျာထက် ပိုပြီးသိတယ်။ လူအများနဲ့သက်ဆိုင်တဲ့ ဘောဂဗေဒပညာကိုလည်း ဘဏ်အုပ်ချုပ်တဲ့ ဒါရိုက်တာလူကြီးတွေထက် နားလည်တယ်။ ဒါပေမဲ့ ခက်တာက အလုပ်သဘောကျတော့ သူက နည်းနည်းကလေးမျှ သဘောမပေါက်ရှာဘူး။ ဘဏ်အလုပ်နဲ့ သူနဲ့မဟာန်လို့ ဖေဖေက သူ့ကို သတင်းစာတိုက်တစ်ခုမှာ အလုပ်သွင်းပေးရပြန်တယ်။ ဒီလူငယ်က ဘာသာလေးငါးခုကိုလည်းတတ်တယ်။ အာတိတ်ဝင်ရိုးစွန်းအကြောင်းဆိုရင်လည်း စုံစုံလင်လင်ရေးနိုင်တာပဲ။ သဘင်ပညာဘက်က ဆိုပြန်တော့ သဘင်စပြီးပေါ်တဲ့ခေတ်က အခုခေတ်အထိ သဘင်ရာဇဝင်ကို ရေးနိုင်တဲ့အတွက် ဖေဖေက သူ့ကို သတင်းစာတိုက်မှာ သွင်းပေးလိုက်တာပဲ။ နို့ပေမဲ့ သတင်းစာထဲမှာ သဘင်နဲ့ပတ်သက်တဲ့ ဆောင်းပါးတစ်စောင်ကို ခေတ်ဆန်ဆန်နဲ့ ဖတ်ချင့်စဖွယ်ဖြစ်အောင် ရေးခိုင်းတော့ မရေးနိုင်ပြန်ဘူး။ ဒါကြောင့် ဒီအလုပ်နဲ့ သူနဲ့မကိုက်ဘူးဆိုတာတွေ့ရလို့ စာရင်းကိုင်အလုပ်ကို သွင်းပေးလိုက်ပြန်တော့ နှစ်နဲ့နှစ်ပေါင်းရင် လေးရတယ်ဆိုတဲ့အကြောင်း ထရီဂိုနော်မက်ထြီ(Tregonometry)နဲ့ဖြစ်ဖြစ်၊ ဂျဲသြမက်ထြီ(Geometry)နဲ့ဖြစ်ဖြစ် ဘယ်နည်းနဲ့မဆို အဖြေမှန်ကို ရအောင်တွက်ပြတတ်ပေမဲ့ စာရင်းအင်းကျတော့ နိုင်နင်းအောင် မထိန်းသိမ်းတတ်ပြန်ဘူးကွဲ့။ ဒီမျှမကသေးဘူး အောင်ထူးဟာ ရှေးကဗျာဆရာကြီးတွေ၊ စာဆိုကျော်တွေရဲ့အကြောင်းကို မွေးတဲ့နေ့၊ သေတဲ့နေ့ကစပြီး သူတို့ရေးတဲ့ စာပေတွေပါမကျန် ဒီပုဂ္ဂိုလ်တွေနဲ့ သူနဲ့ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေပဲလားလို့ ထင်ယူရအောင် သေသေချာချာ သိလည်းသိတယ်၊ ဝေလည်းဝေဖန်နိုင်တဲ့အစွမ်းလည်းရှိပေမဲ့ ကုန်ရောင်းတဲ့ ကြော်ငြာတစ်ခုကို ခေတ်မီအောင် ရေးခိုင်းတော့ ရေးမပေးနိုင်ဘူးဆိုတာ တွေ့ရတယ်။ ဒီအလုပ်တွေနဲ့ သူနဲ့တော့ ဂြိုဟ်စီးဂြိုဟ်နင်းမလွတ်လို့ မဟာန်တာပဲလို့ အောက်မေ့မိတာနဲ့ သူ့ရဲ့အရည်အချင်းကို စုံစမ်းကြည့်တော့ အောင်

mgyoe.com

mgyoe.com


ထူးဟာ တစ်ထိုင်တည်းမှာ ရောဂါဝေဒနာအမျိုးမျိုးကို နားထောင်တဲ့ လူပျင်းလာအောင် ပြောနိုင်တဲ့အစွမ်းရှိလို့ အသက်အာမခံကိုယ်စားလှယ် လုပ်ခိုင်းပြန်တော့ တစ်သောင်းတန် အသက်အာမခံမယ့် လူတစ်ယောက် ကို ရအောင် မဆွယ်နိုင်ပြန်ဘူး။ နောက်ဆုံးကျတော့ ဖေဖေက သူနဲ့ သင့်တော်မယ့် အလုပ်တစ်ခုကို တွေ့ပါရောကွဲ့။ ဒီလောကပညာစုံတဲ့ လူတစ်ယောက်ဟာ ဘယ်နည်းနဲ့မဆို ထူးချွန်ရမှာပဲ။ သူနဲ့သင့်တဲ့ အလုပ် တော့ ရှိဦးမှာပဲလို့ ဖေဖေက ယုံကြည်ပြီး သူ့ကို ကျောင်းဆရာလုပ်ခိုင်းရ တယ်။ သူကလည်း ကျောင်းသားတွေကိုစာသင်တဲ့ နည်းကောင်းဆိုသမျှ ဖတ်ဖူးဟန်ရှိတယ်ထင်ပါရဲ့။ အဲဒီနည်းတွေကို အကုန်လုံးစုပြီး အသုံးချ လိုက်တာ သူ့နည်းဟာ တစ်ခုမှ ဟန်မကျဘူးဆိုတာ တွေ့ရပြန်တယ်။ အောင်ထူးဟာ ဒီတစ်ခါတော့ စိတ်ပျက်လာတယ်။ တစ်နေ့တော့ ရှေး ခေတ်စာပေတွေအကြောင်းရယ် ဒီစာပေတွေဟာ ဘယ်လို စတင်ပေါ် ပေါက်လာတယ်၊ အသုံးအနှုန်း အရေးအသားတွေကလည်း ဘယ်လို ပြောင်းလွှဲလာတယ်ဆိုတာတွေကို သူ့တပည့်တွေကို သင်ပါရောကွဲ့။

သူစာသင်နေတာက တက်ခေတ်ကောင်ကလေးတွေဆိုတာ မေ့ နေတယ်ထင်ပါရဲ့ကွယ်။ သူ ရှေးခေတ်က စာတွေပေတွေ ပြောင်းလဲတဲ့ အကြောင်းတွေဟာ ပြောလို့ပဲ မဆုံးနိုင်ဘူး။ ကျောင်းဆင်းတော့တောင် အချိန်ပိုယူပြီး ပြောရပြန်တယ်ကွဲ့။ ဒီလို အချိန်ပိုယူပြီး သင်ရတာက တစ်နေ့လည်းမဟုတ်၊ နှစ်နေ့လည်းမဟုတ်။ နေ့စဉ်နဲ့အမျှဖြစ်နေတော့ ကျောင်းသားတွေက သည်းညည်းမခံနိုင်ကြတော့။ ကျောင်းကို သပိတ် မှောက်ကြပါရော။ အဲ နောက်ဆုံးတော့ တိုတိုပဲပြောကြပါစို့ကွယ်။ ထုံးစံ အတိုင်း ကျောင်းဆရာအလုပ်က ထွက်ခဲ့ရပြန်တာပေါ့။ ဖေဖေဖြင့် ဒီ အကြောင်းကြားတော့ ကဲ မှတ်ကရော... လို့သာ ပါးစပ်ကဆိုမိပြီး အောင် ထူးလေး အေး အောင်ထူးလို့သာ။ လေရှည်ကြီးနဲ့ ညည်းမိတာပဲ။

mgyoe.com

mgyoe.com


အဲဒီနောက်မှာ ဖေဖေလည်း သူ့ကို မေ့မေ့ပျောက်ပျောက်နဲ့နေလိုက်တာ နောက်ဆုံးကြားတဲ့ သတင်းကတော့ 'ဘာကြောင့် လူငယ်များ မအောင်မြင်ရသလဲ' ဆိုတဲ့အကြောင်းကို စာအုပ်ရေးပြီး ရောင်းတာလူကြိုက်အတော်များတယ်ဆိုပဲ။ အဲဒီကတည်းကစပြီး အောင်ထူးဟာ ခုလို လူတွေ အခက်အခဲတွေ့ပြီး မအောင်မြင်တဲ့အကြောင်းရင်းတွေကို ချည်းရေးပြီး စာအုပ်အမျိုးမျိုး ထုတ်ရောင်းသွားလိုက်တာ တစ်နေ့တခြား ထင်ရှားလာတဲ့ စီးပွားရေးလမ်းပြစာရေးဆရာကြီးတစ်ဦး ဖြစ်လာတယ်။ ဒီအလုပ်မှာ အောင်ထူးဟာ ဘာကြောင့် ကြီးပွားလာရသလဲဆိုရင် 'မအောင်မြင်' တဲ့ပညာဟာ သူ့မှာ စာတွေ့မဟုတ်ဘဲ ငါတွေ့ဖြစ်နေတာကိုးကွဲ့။

အောင်ထူးအကြောင်းကို ဖေဖေက အလျဉ်းသင့်တာနဲ့ ရေးပြီးထည့်လိုက်တယ်။ လောကကြီးမှာ ဘယ်အလုပ်မဆို နည်းနည်းသိတာ၊ များများသိတာ ပဓာနမဟုတ်ဘူး။ ကိုယ်တတ်သိသမျှကို ဉာဏ်နဲ့ယှဉ်ပြီး ဘယ်လိုအသုံးချရမယ်ဆိုတာကို သိဖို့သာ အရေးကြီးတယ်ကွဲ့။ ကဲ... တော်သေးပြီ မင်းကို ကိုယ်စိတ်နှစ်ဖြာချမ်းသာပြီး ဆန်ကုန်မြေလေး လူ့ဗာလကလေးမဖြစ်ဖို့ရန် ဖေဖေ အများကြီး ဆုတောင်းလိုက်တယ်။

သားချစ်ဖေဖေ

ထွန်းလင်း

❐

mgyoe.com

mgyoe.com

# အမှတ် - ၂

မော်လမြိုင်မြို့။
မေလ ၁ ရက်၊ ၁၈၉ ခု။

သာ မောင်မျိုးမြင့်

ဒီလအတွက် မင်းရဲ့ အသုံးစာရင်းကို ငွေကိုင်စာရင်းက ဖေဖေ့ဆီ လာပေးလို့ ဖတ်ကြည့်လိုက်တော့ ဖေဖေဖြင့် အတော်ပဲ ဒေါပွမိတယ်။ မင်းကို တက္ကသိုလ်ကျောင်းပို့တုန်းက တက္ကသိုလ်ကပညာကို ရနိုင်သမျှ ရအောင်ဆည်းပူးခဲ့ရမယ်လို့မှာလိုက်တဲ့ စကားထဲမှာ ခုလို သုံးတဲ့ဖြုန်းတဲ့ ပညာ မပါဘူးကွဲ့။ အပေါင်းအသင်းဆံ့ရမယ်လို့ ဖေဖေက ပြောလိုက် တာနဲ့ တစ်ကျောင်းလုံးကို မင်းက ဒကာလုပ်ရမယ်လို့ ငါမဆိုလိုဘူး။ မင်းက ငွေကို ဒီလောက်သုံးတဲ့အတွက် ငါ့အဖို့တော့ မထောင်းတာလှပါ ဘူး။ မင်းအဖို့သာ ဒီလိုဆက်ပြီးသုံးနေရင် ငါက မင်းကို 'ပကာသနိယ ကံ' လုပ်ရလိမ့်မယ်ဆိုတာကို မြဲမြဲမှတ်ထားစေချင်တယ်။ မင်းရဲ့ အသုံး စာရင်းဟာ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကပဲ တစ်နေ့တခြား များလာတာကို တွေ့ရတယ်။ အသုံးဘက်ကတိုးသလို စာဘက်ကလည်း အားကျမခံ လိုက်ပြီးတိုးတာကိုတော့ ဖေဖေဖြင့် လုံးလုံးမတွေ့ရသေးဘူး။ ဒီတော့ကာ မင်းဟာ တစ်နေ့တခြား ဆန်ကုန်မြေလေး ဖြစ်မှန်းမသိ ဖြစ်လာတယ်လို့

mgyoe.com

mgyoe.com


သာ သိရတာပဲ။

ရှေးတုန်းက မင်းရဲ့အသုံးစာရင်းနဲ့ပတ်သက်ပြီး ဖေဖေဟာ တစ်ခွန်းတစ်ပါဒမှ မပြောခဲ့ဖူးသေးဘူးဆိုတာလည်း မင်းအသိပဲမဟုတ်လား။ ဘာကြောင့်လဲဆိုရင် မင်းဟာ မင်းကိုယ်ကိုမင်း စောင့်ရှောက်နိုင်လိမ့်မယ်။ မင်းဟာ ဘယ်နည်းနဲ့မှ ငွေကို ကိုယ်တိုင်မရှာဖွေရတိုင်း အသုံးအဖြုန်းကြီးတဲ့ ခုခေတ်ကောင်ကလေးတွေရဲ့အတုကို ခိုးလိမ့်မယ် မဟုတ်ဘူးလို့ ဖေဖေက ကောင်းကောင်းကြီး ယုံကြည်မိခဲ့တာကိုးကွဲ့။ ခုတော့ 'ထင်သာထင် မဝင်ဘူး ကျောင်းအမ' ဆိုတဲ့စကားလို အထင်နဲ့ အမြင်ဟာပါ စင်အောင်လွဲနေတော့ အခုလည်း အရင်တုန်းကလို ဆက်ပြီး ရေငုံနေခဲ့ရင် မင်းစိတ်ထဲမှာ "ငါ့အဖေဟာ အချမ်းသာသားပဲ။ ငါ တစ်ယောက်သုံးတာလောက်တော့ မမှုလောက်ပါဘူး" လို့ စိတ်ထဲမှာ ထင်သွားမှာစိုးလို့ စောစောကတည်းက ဖွင့်ပြီး ရေးလိုက်ရတာပဲ။ ဒီတော့ မင်း စောစောစီးစီး သိပြီးထားသင့်တဲ့အကြောင်းကတော့ မင်း ကျောင်းက ထွက်လာပြီးတဲ့နောက်မှ မင်းတာဝန်ကို ငါက ဆက်ပြီး ထမ်းမနေတော့ ဘူးဆိုတဲ့ကိစ္စပဲ။ ဒါကြောင့် မင်းအဖို့တော့ "အဝင်နဲ့အထွက်ကို မျှတ အောင်သုံးစွဲနိုင်သူ မဆင်းရဲနိုင်" ဆိုတဲ့ ဆုံးမစကားလေးရဲ့ အဓိပ္ပာယ်ကို ခပ်စောစောက သဘောပေါက်ထားရင် ကောင်းမယ်ကွဲ့။

လောကမှာ လူတစ်ယောက်ဟာ သူဌေးဖြစ်ဖို့ရန် အမြန်ဆုံးနဲ့ အသေချာဆုံးနည်းကတော့ သူဌေးတစ်ယောက်က ရှိသမျှပစ္စည်းကို သူ့ ကိုချည်း အကုန်ပုံပေးမယ်။ သို့တည်းမဟုတ် ချမ်းသာတဲ့ မိဘထံက အမွေအနှစ်ရမယ်ဆိုတဲ့ နည်းနှစ်နည်းပဲရှိတယ်။ အဲဒီနည်းနှစ်ခုအနက် ငါသေမှ မင်းဌေးမယ့် ဒုတိယသူဌေးဖြစ်လမ်းအတွက်တော့ တင်ကြိုပြီး ငါ ဘာမျှမပြောလိုဘူး။ နို့ပေမဲ့ ခုလို ဖေဖေကျန်းမာနေပုံမျိုးနဲ့ဆိုရင် သူဌေးဖြစ်ဖို့ မင်းအတော်ပဲ စောင့်ရလိမ့်ဦးမယ်ကွဲ့။ ဒီတော့ကာ မင်းက

mgyoe.com

mgyoe.com


ပထမနည်းနဲ့တော့ ကျွန်တော် မျှော်လင့်စရာရှိသလားလို့ မေးဖို့ရှိတယ်။ အဖြေကတော့ မျှော်လင့်စရာတော့ရှိပါရဲ့။ သို့ပေမဲ့ အဲဒီ(သို့ပေမဲ့)က သိပ်ပြီး အရေးကြီးတယ်။ မင်းဟာ ထွန်းလင်းကုမ္ပဏီမှာ အရေးပါအရာ ရောက်တဲ့ ဌာနတစ်ခုကို နိုင်နိုင်နင်းနင်းနဲ့ ဦးစီးပြီး လုပ်ကိုင်နိုင်တဲ့ အရည် အချင်းကိုပြနိုင်မှ ခုနင်ကပြောခဲ့တဲ့ ပထမနည်းကို မျှော်လင့်နိုင်တယ်။ ဒီလို အရေးပါတဲ့ဌာနတစ်ခုကို ရောက်အောင် စပြီး လုပ်ကိုင်ရမယ့် နေရာကတော့ ဖေဖေတို့ထံမှာ လစ်လပ်ပါတယ်ကွဲ့။ အဲဒီနေရာတော့ ကုမ္ပဏီပိုင်သူဌေးကြီးရဲ့သားရယ်၊ စာရေးရဲ့သားရယ်လို့ မခွဲခြားဘူး။ ရှင်းရှင်းပြောရရင် အောက်ဆုံးနေရာပေါ့ကွာ။ လုပ်ရမယ့်အလုပ်ကတော့ စာပေးစာယူဘက်က စာရေးကလေးရဲ့အလုပ်ပဲ။ လခကလည်း တစ်လ ကို သုံးဆယ်ပဲရမယ်ကွဲ့။

ဖေဖေဖြင့် ဒီနည်းကလွဲလို့ တခြား 'ရယ်ဒီမိတ်' အဆင်သင့် ချမ်း သာနိုင်တဲ့နည်းတော့ မသိသေးဘူး။ တခြားနည်းကဆိုရင် မင်းအဖို့ လည်း အကျိုးမများနိုင်ဘူး၊ တို့တိုက်သားအားလုံးကိုလည်း ကောင်းကျိုး ပေးမှာမဟုတ်ဘူး။ ဖေဖေက အလုပ်တိုက်မှာ အထက်ကနေရာတွေ လစ်လပ်နေတာ အများကြီးရှိတယ်ဆိုတာနဲ့ မင်းက အရမ်းဝမ်းသာပြီး မသွားနဲ့ဦး။ ခက်တာက အပေါ်ထပ်ကို မြန်မြန်ဆန်ဆန်နဲ့ ရောက်အောင် ပို့နိုင်တဲ့ ဓာတ်လှေကားတော့ ဖေဖေတို့တိုက်မှာ မရှိဘူး။ မင်းကတော့ အထက်တန်းပညာနဲ့ဆိုတော့ တခြားလူတွေထက် ဒီနေရာတွေကို အရင် ရောက်အောင်တက်ဖို့ရန် တစ်ပန်းသာတယ်လို့ ဆိုရမှာပေါ့။ ဒါပေမဲ့ အလုပ်ဝင်ခါစအချိန်အတောအတွင်းမှာတော့ ခေါင်းကပ်တဲ့ အလုပ်ကို တောင် အလုပ်လုပ်ဖက်ကောင်ကလေးတွေကို မီအောင် မင်းလုပ်နိုင်မယ် မထင်ဘူး။ ဒီတော့ကာ ခေါင်းကိုတောင် သူများလို မြန်မြန်ထက်ထက် မကပ်နိုင်သေးရင် စာရေးတဲ့ဘက်မှာတော့ သာပြီး ဝေးသေးတယ်လို့

mgyoe.com

mgyoe.com



ဆိုရမယ်ကွဲ့။ နို့ပြီး ဒီလိုအလုပ်မျိုးကို လုပ်ကိုင်နေဆဲမှာတော့ အစားကောင်းစားပြီး အခန့်စားနေဖို့ မသင့်သေးဘူးဆိုတဲ့ အကြောင်းကိုတော့ ဖေဖေက အထူးပြောနေဖို့ မလိုဘူးလို့ထင်တာပဲ။

ဖေဖေက ခုလို ဒီအကြောင်းတွေကိုထည့်ပြီး လေလျှောက်ကြီးပြောနေတာကတော့ မင်းစိတ်ထဲမှာ ငါ သူဌေးသားပဲ၊ အိမ်ပြန်ရောက်လို့ အလုပ်ထဲဝင်ရရင် အဆင်သင့် အထက်ကနေပြီး အေးအေးဆေးဆေး အလုပ်လုပ်ရလိမ့်မယ်လို့ အထင်ရောက်နေမှာစိုးလို့ပဲကွဲ့။ မင်းကို အလုပ်ပေးမှာတော့ မုချပဲ။ ဒါပေမဲ့ မင်းရဲ့တက်လမ်းကို မင်းကိုယ်တိုင် ရှာပြီးယူရလိမ့်မယ်။ ဒီလို ကိုယ်ထူးကိုယ်ချွန်လုပ်ရတာဟာလည်း ယောကျ်ားကောင်းတို့ရဲ့ သမားရိုးကျလုပ်ငန်းသာဖြစ်တာပဲ။ မင်းမှာသာ အရည်အချင်းရှိရင် အောက်တန်းက အထက်တန်းကို လှမ်းဖို့ရန် ဘာမျှ ခက်ခဲမှာမဟုတ်ဘူး။ မင်းကို အရည်အချင်း ရှိ မရှိ မသိခင်တော့ ဘယ်နည်းနဲ့မျှ တာဝန်ကြီးတစ်ခုကို ပုံပြီး မလွှဲရဲဘူးကွဲ့။ မင်းတို့ငယ်ငယ်က ဖတ်စာထဲမှာပါသားပဲ။ ဉာဏ်မရှိတဲ့လူတစ်ယောက်ကို တစ်နေ့ ရွှေဥ တစ်လုံးတစ်လုံးဥပေးနေတဲ့ ငန်းတစ်ကောင်ကို ပေးတာတောင်မှ ငန်းကို သတ်ပြီး ရွှေရှာလို့ ငန်းရောရွှေရော ဆုံးရတဲ့ထုံးလည်း အရှိသားပဲ မဟုတ်လားကွဲ့။ ဉာဏ်စွမ်းဉာဏ်စရှိတဲ့လူကျတော့ ကြွက်သေတစ်ကောင်ကိုရတာနဲ့ ရင်းနှီးပြီး ပစ္စည်းရှာဖွေတဲ့အတွက် 'ကြွက်သေတစ်ခု အရင်းပြု လျက်၊ ကြွယ်မှုတတ်ဆုံး သူဌေးထုံး' ဆိုတဲ့စကားအတိုင်း တစ်နေ့တခြား ကြီးပွားပြီးသွားနိုင်တာပဲ။

ဖေဖေကဖြင့် 'သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့' ဆိုတဲ့စကားအတိုင်း မင်းကို ပင်ကိုဉာဏ်ရင့်သန်တဲ့ သားကောင်းတစ် ယောက်ရယ်လို့ အမြဲပဲ ဂုဏ်ယူခဲ့တာပဲ။ ဒီတော့ကာ ဖေဖေက ခုလို ဂုဏ်ယူတာ မမှားဘူးဆိုတာကို မင်းကသာ အစွမ်းပြစေချင်တယ်ကွဲ့။

mgyoe.com

mgyoe.com


နောက်ပြီးတော့လည်း မင်းလို ကုန်သည်လုပ်မယ့် လူတစ်ယောက်ဟာ 'အရှာမတတ် အသုံးသာတတ်' လို့ရှိရင် ငတ်ဖို့ သေချာသလောက် မချမ်းသာမှာလည်း စိတ်ချရတယ်ဆိုတာကို မြဲမြဲမှတ်ထားစေချင်သေး တယ်။ မင်းတို့လို အသုံးအဖြုန်းကြီးတဲ့လူအဖို့ လခထုတ်ဖို့ရက်ဟာ တစ်လမှာ ရက်သုံးဆယ်တောင်လိုသေးဆိုတဲ့ ဉပဒေသကလေးကို ဂရုပြု ရင်ကောင်းမယ်လို့ ဖေဖေဖြင့် ထင်တာပဲ။ ဒီလိုလူမျိုးကျတော့ ငွေ တစ်ကျပ်မှာ ဆယ့်ခြောက်ပဲထက်ပိုပြီး ဘယ်တော့မှမတန်ဘူး။ နို့ပေမဲ့ တကယ့်ကုန်သည်ကြီးတွေရဲ့ လက်ထဲမှာတော့ ငွေတစ်ကျပ်ဟာ ပဲပေါင်း တစ်ရာ့ခြောက်ဆယ်နဲ့ ညီမျှတယ်ဆိုရင် မမှားနိုင်ဘူးကွဲ့။ ဒါကြောင့် လည်း ဒီလိုလူတွေကျတော့ လက်ထဲမှာရှိတဲ့ ငွေတစ်ကျပ်ကို အလဟဿ ဖြစ်အောင် ဘယ်တော့မှ မသုံးစွဲဘဲ နေကြတာပေါ့။ ဒီတော့ကာ အဝင်များ ပြီး အထွက်နည်းပါးတဲ့လူဟာ လောကမှာ ကြီးပွားတာမွေတာပဲ။ မင်း သာ အသုံးမလျှော့ဘူးဆိုရင် ကြီးပွားဖို့လမ်းမှာတော့ မင်းက တစ်ပန်းရှုံး နေပြီလို့ ဆိုရလိမ့်မယ်။

မင်းတို့လူငယ်ကလေးတွေဟာ အများအားဖြင့် ငွေကို အရမ်းကာ ရော ဖောဖောသီသီသုံးနိုင်တဲ့လူမှ လူတော်လူဟုတ်၊ အသုံးအဖြုန်း စေ့စပ် သေချာတဲ့လူကျတော့ ကော်တရာကပ်စေးနဲလို့ ဝိုင်းပြီး သမုတ်လေ့ ရှိကြတယ်။ ဒီလိုတက္ကသိုလ်ပညာမျိုးကတော့ နှမ်းစေ့လောက်မျှ အသုံး မဝင်ဘူး။ ပြီးတော့လည်း ဒါမျိုးတွေကြောင့်ပဲ ကုန်သည်ဘက်က မိဘ ဆယ်ဦးမှာ ကိုးဦးက သူတို့သားသမီးတွေကို တက္ကသိုလ်ကျောင်းပို့ရမှာ ကြောက်ကြတာပဲ။ ဒါပေမဲ့ ကောင်းတဲ့ဘက်နေပြီး ကြည့်မယ်ဆိုရင် လည်း ကျောင်းသားတစ်ယောက်ဟာ စိတ်ခိုင် မခိုင်ကို သူတို့အလယ်မှာ ထားတာနဲ့ သိနိုင်တာမို့ ဒီလိုဖိုးစောတွေရှိတာလည်း ခပ်ကောင်းကောင်း လို့ဆိုရင် မှားမယ်မထင်ဘူး။ တချို့လူတွေက ဖေဖေ့ကို သိပ်ပြီး စေ့င

mgyoe.com

mgyoe.com


တယ်၊ စစ်ပေါက်တယ်တဲ့။ ဘာပြုလို့လဲဆိုရင် ဝက်တစ်ကောင်ဟာ ဖေဖေ့စက်ကိုရောက်လာရင် ထင်တာထက်ပိုပြီး ဝက်ဆီထွက်တယ်။ ဝက်ပေါင်တုံးနှစ်ခုစာလောက် အလေးချိန်ရှိတဲ့ ဝက်ကလေးတွေကို ပိုကြီးလာအောင် မွေးလိုက်တယ်ဆိုရင်ပဲ တစ်သွေးတစ်မွေးဖြစ်ပြီး ဝက်ပေါင်ကြီးလေးခုထွက်လာအောင် တတ်နိုင်တယ်လို့ ဖေဖေ့ကို သူတို့က ချီးမွမ်းခြေကျောက်ပြောဆိုကြတယ်။ ဖေဖေဟာ အလုပ်ဘက်မှာ ဒီလိုစေ့စပ်ပေမဲ့ အလုပ်သမားတွေကို ပေးစရာ ကျွေးစရာရှိတဲ့နေရာကျတော့ ဖေဖေက ဘယ်တော့မှ လက်မနှေးခဲ့ဘူးဆိုတာလည်း မင်းအသိပဲ။

ဒီလိုအကြောင်းကြောင်းတွေထောက်ထားပြီး ဖေဖေက မင်းကို ပြောလိုတာကတော့ လောကကြီးမှာ ငွေကို ကိုယ်တိုင် ပင်ပင်ပန်းပန်း မရှာဖွေရတိုင်း အရမ်းမဲ့ ပေးကမ်းသုံးဖြုန်းပစ်တဲ့လူလောက် ဆိုးတဲ့လူ မရှိဘူး။ ဒီလို သူများငွေနဲ့ ဝေသန္တရာလုပ်တဲ့လူဟာလည်း ဘယ်တော့မှ ကြီးပွားမယ်မဟုတ်ဘူး။ ပထမတန်းစားလူတစ်ယောက်ဖြစ်လာဖို့ဆိုတော့ ဝေးရောပဲ။ ဒီလိုရက်ရောတယ်ဆိုတဲ့ နာမည်ကောင်းယူလိုကြတဲ့အတွက် ဖေဖေ့တိုက်မှာရှိတဲ့ လူကောင်းကလေးတွေဟာလည်း မကြီးပွားဘဲ ဒုတိယတန်းစား စာရေးကလေးတွေသာ ဖြစ်နေကြတယ်။ နို့ပြီးတော့လည်း ဒီလိုစိတ်ထားတဲ့အတွက် သူတို့တွေဟာ ဒုတိယတန်းစား စာရေးဘဝနဲ့ အရိုးထုတ်ကြရမှာပဲ။ မင်းမှာလည်း ဒီလိုစိတ်မျိုးရှိနေရင် မင်းကိုယ်တိုင် တစ်နှစ်လောက် အလုပ်လုပ်ရတဲ့အချိန်အထိ အောင့်ထားစေချင်တယ်။ ဟိုအခါကျတော့မှ မင်းချွေးနဲ့စာနဲ့ အပတ်တကုတ်ရှာဖွေရတဲ့ငွေကို တနင်္ဂနွေနေ့တိုင်း မင်းရဲ့ အပေါင်းအသင်းတွေကို ဒကာလုပ်ချင်လုပ်တာပေါ့။ ဖေဖေကလည်း ကန့်ကွက်စရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ တစ်ခုတော့ပြောစရာရှိရဲ့။ အဲဒီလိုအခါကျလို့မှ ငွေရဲ့တန်ဖိုးကို မင်း မသိသေးဘူးဆိုရင် ဖေဖေကတော့ မင်းကို ဖွတ်မင်းသားဇာတာပါတယ်

mgyoe.com

mgyoe.com


လို့သာ အောက်မေ့ရတော့မှာပဲ။

ဖေဖေဟာ ဘယ်လိုအခြေက စခဲ့ရတယ်ဆိုတာလည်း မင်းသိသားပဲမဟုတ်လား။ ဖေဖေငယ်ငယ်တုန်းက မင်းလို သူဌေးသားမဟုတ်ခဲ့ဘူးကွဲ့။ သူဌေးများရဲ့ ခြေကြိုခြေကြားထဲမှာ ဟိုလူကကန် ဒီလူကကျောက်နဲ့ ဒီလို ကန်တိုင်းကန်တိုင်း မြောက်မြောက်လာရင်းနဲ့ ဒီအခြေအနေကို ရောက်လာရတာပဲ။ ဖေဖေအလုပ်စပြီးဝင်တော့ တစ်လကို တစ်ဆယ့်ငါးကျပ်ပဲရတယ်။ အိပ်တော့ ပိုက်ဆံရေတွက်တဲ့ဆိုင်ခုံအောက်မှာ အိပ်ရတယ်။ သောက်တော့ ရေအိုးစင်၊ စားတော့ လေးဘမ်းဟိုတယ်မှာပေါ့ကွဲ့။ ငွေကို ပင်ပင်ပန်းပန်းနဲ့ မအားတမ်းရှာဖွေခဲ့ရတော့ ငွေတစ်ကျပ်မှာ ဘယ်နှပဲရှိတယ်၊ ဖေဖေအိပ်ရတဲ့ကြမ်းပြင်ဟာ ဘယ်လောက်မာတယ်ဆိုတာကို ဖေဖေဖြင့် သင်ခန်းစာရခဲ့တာပေါ့။ မင်းလည်း ဒီလို ကိုယ်တွေ့သင်ခန်းစာများများရဖို့လိုတယ်ကွဲ့။

စကားစပ်မိလို့ ဖေဖေကိုယ်တွေ့အဖြစ်အပျက်ကလေးတစ်ခုကို ဆက်ပြီးပြောရဦးမယ်။ တစ်ခါတုန်းက ဖေဖေက အညာကုန်တွေကို ရောင်းတဲ့ လှေကြီးတစ်ခုနဲ့ လိုက်ပြီး ကုန်ရောင်းတာကိုး။ အဲဒီလို မြစ်ရိုးတစ်လျှောက်မှာ ရွာစဉ်လျှောက်ပြီး ကုန်ရောင်းလာလိုက်တာ သရက်မြို့အောက်နားက ‘ရသရာ’ ဆိုတဲ့ရွာရောက်တော့ လှေမှာလည်း အစားအသောက်ကုန်နေတာနဲ့ကြုံလို့ ကုန်ပစ္စည်းလည်းရောင်းရင်း အစားအသောက်လည်း ဝယ်ရင်းဆိုသလိုပဲ အဲဒီရွာကိုဝင်ပြီး ဖေဖေတို့ လှေဆိုက်တယ်ကွဲ့။ လှေဆိပ်နဲ့ မနီးမဝေးမှာပဲ ကိုသာဝဲဆိုတဲ့ ဈေးသည်တစ်ယောက်ဟာ ဝမ်းဘဲကင်တစ်ခုကို ငါးမူးငါးမူးနဲ့အော်ပြီး ရောင်းနေတော့ ဖေဖေက ခေါ်ပြီးကြည့်တာပေါ့။ ဘဲကလည်း ခပ်ဝဝ၊ အသားကလည်းများများ၊ ကင်ထားတာ မကြာသေးတော့ ပူပူနွေးနွေးနဲ့ အနံ့ကလေးက သင်းပြီး စားချင့်စဖွယ်ဖြစ်နေတာပဲ။ ဖေဖေက ဝယ်သူတို့ထုံးစံအတိုင်း

mgyoe.com

mgyoe.com


ဈေးဆစ်ကြည့်တော့ သူက မလျှော့နိုင်တဲ့အကြောင်းကို တောင်းတောင်းပန်ပန်နဲ့ပြောရှာတယ်။ ဈေးကလည်းချို၊ အသားကလည်း ဆိုစရာမရှိတော့ ဖေဖေက သုံးလေးကောင်တောင် ဝယ်လိုက်တယ်။

အောက်မြို့အောက်ရွာက ကုန်တွေရောင်းပြီးလို့အပြန်မှာ ဒီရွာကိုပဲ ဝင်ပြန်တော့ ဖေဖေ့မှာလည်း ကိုသာဝဲရဲ့ ဝမ်းဘဲကင်တွေကို သိပ်စွဲနေလို့ ဒီတစ်ခါတော့ သူ့ဆိုင်ကို ဖေဖေကိုယ်တိုင်ပဲ သွားပြီးဝယ်တယ်ကွဲ့။ ဒီတစ်ခေါက်မှာ သူထုတ်ပေးတဲ့ ဘဲကင်တွေဟာ အရင်တစ်ခါလောက်လည်းမကြီးဘူး၊ ဝလည်းမဝဘူး။ ပြီးတော့ ကင်ထားတာက နည်းနည်းကြာနေတော့ အေးစက်စက်ဖြစ်ပြီး အသားကလည်း ပျင်းတွဲတွဲဖြစ်နေလို့ အရင်ဘဲတွေလိုတော့ ဖေဖေ့စိတ်ထဲမှာ မကြိုက်လှဘူး။ ဒါနဲ့ ဈေးကို မေးကြည့်ပြန်တော့ အရင်လိုပဲ ငါးမူးက တစ်ပြားမှ လျှော့မရောင်းနိုင်ဘူးလို့ ပြောပြန်တာပဲ။ ဒီတော့မှ ဖေဖေက ကိုသာဝဲဟာဖြင့် ဈေးသည်တို့မှာ ရှိအပ်တဲ့ တန်ဖိုးဖြတ်နိုင်တဲ့ အရည်အချင်းနဲ့ မပြည့်စုံဘူးလို့ တစ်ခါတည်း မှတ်ချက်ချထားလိုက်တယ်။ ကိုသာဝဲဟာ ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနဲ့ သိပ်ပြီး ကျန်းမာသန်စွမ်းတဲ့လူပေါ့။ အလုပ်ကိုလည်း အင်မတန်မှပဲ ကြိုးစားပမ်းစားနဲ့ လုပ်ကိုင်ရှာတယ်။ နို့ပေမဲ့ ကုန်သည်တိုင်းမှာရှိအပ်တဲ့ ချင့်ချိန်နိုင်တဲ့ဉာဏ်နဲ့ မပြည့်စုံတော့ ယနေ့ထက်တိုင် ဆင်းရဲမွဲတေပြီးနေရရှာတာပဲ။

ဖေဖေ့ဆီမှာလည်း ကိုသာဝဲလိုလူစားတွေ အများကြီးရှိတယ်။ နို့ပေမဲ့ ဒီလူတွေဟာ စာရေးဘဝနဲ့ အလုပ်သမားဘဝကို ခွဲခြားသတ်မှတ်ထားတဲ့ စည်းရိုးကို မကျော်လွန်နိုင်ကြတာနဲ့ ဒီတစ်သက်မှာဖြင့် အောက်တန်းစားအလုပ်သမားအဖြစ်နဲ့ အရိုးထုတ်ကြရမှာပဲ။ ဒီလူတွေဟာ တစ်လတစ်လမှာ တို့တစ်တွေ ဘယ်ပုံဘယ်နည်းနဲ့ အကြောင်းမျိုးစုံပြပြီး အလုပ်တိုက်က အသုံးစရိတ်အပို ထုတ်ယူရပါ့မလဲလို့ စဉ်းစားတဲ့အချိန်

mgyoe.com

ထဲက တစ်ဝက်ယူပြီး အလုပ်တိုက်အတွက် စဉ်းစားပေးမယ်ဆိုရင် သူတို့တစ်တွေကို ဖေဖေက ဘယ်နည်းနဲ့မှ အလုပ်ကြမ်းသမားအဖြစ်နဲ့ တိုက်ရဲ့အပြင်ဘက်မှာ ထားနိုင်မှာမဟုတ်ဘူး။ အပြင်မှာထားလိုတဲ့စိတ်လည်း ဖေဖေ့မှာ ရှိမယ်မထင်ဘူး။ ဘာကြောင့်လဲဆိုရင် သူတို့ဟာ သူတို့ရဲ့လစာငွေရော ဖေဖေရဲ့လစာငွေရောကို တစ်နှစ်အတွင်း နှစ်ဆတိုးလာအောင် တတ်နိုင်တဲ့လူတွေကိုး။ နို့ပေမဲ့ လကုန်ခါနီးမှာ အလုပ်တိုက်ကို သွားစရာစရိတ်မရှိလို့ ကိုယ့်သားသမီးကလေးတွေ မုန့်ဖိုးရတဲ့အထဲက စုပြီးထားတဲ့ ပိုက်ဆံဘူးကလေးတွေကိုတောင် ဖောက်ပြီးယူရတဲ့ သူတို့လို လူမျိုးတွေဟာ သူဌေးရဲ့ငွေကိုလည်း မယူဘဲ ဘယ်နည်းနဲ့မှ နေမှာမဟုတ်ဘူးလို့ ဖေဖေဖြင့် ပုံသေကားကျ မှတ်ထားလိုက်တာပဲ။

ဖေဖေက ခုလို ငွေရဲ့အဖိုးတန်ပုံတွေ၊ အသုံးအစွဲဆင်ခြင်ဖို့အကြောင်းတွေကို လေရှည်ကြီးနဲ့ရေးနေတော့ မင်းစိတ်ထဲမှာ "ဒီအဘိုးကြီးဟာ ခေတ်ရဲ့သဘောကို နားမလည်သေးပါဘူး။ သူများ မိုးခါးရေသောက်လို့ သောက်ရတာပဲ။ ခေတ်ကြီးက ဖေဖေတို့ငယ်တုန်းကနဲ့မှ မတူဘဲ" ဆိုတဲ့ ဆင်ခြေတွေနဲ့ ဖေဖေ့ကို ပြန်ပြီး နှံချင်တဲ့စိတ်တွေ ပေါ်လာလိမ့်မယ်ဆိုတာ ဖေဖေက ကောင်းကောင်းကြီး တွေးမိပါတယ်။ ဒီလိုဆင်ခြေမျိုးကတော့ ဖေဖေ့အဖို့မှာ ရိုးနေပါပြီ။ ဘာကြောင့်လဲဆိုတော့ ခေတ်ဆိုတာ လူကလုပ်တာပဲမဟုတ်လား။ ခုတော့ လူတွေက ခေတ်နောက်လိုက်နေကြတော့ သိပ်ခက်နေတာပေါ့။ ပြီးတော့လည်း သူများလုပ်လို့ လုပ်ရပါတယ်ဆိုတဲ့စကားလည်း သိပ်မဟုတ်သေးပါဘူး။ သူများလုပ်လို့ လိုက်ပြီးလုပ်တဲ့လူမျိုးဟာ သူများရဲ့နောက်လိုက်သာ တစ်သက်လုံးဖြစ်သွားမှာပဲ။ ဖေဖေတို့ ကုန်သည်ဘက်မှာလည်း ဒီလိုလူတွေ အသချေါ်နဲ့ အနန္တတောင်ရှိတယ်။ သူတို့တစ်တွေဟာ ဈေးပေါ်တုန်းကတော့ ဝယ်မထားဘဲ ဈေးမကျခင် တစ်ရက်လောက်ရောက်တော့မှ

mgyoe.com

mgyoe.com


ကုန်တွေကို ဈေးများများပေးပြီး သူများနောက်က အလောသုံးဆယ်နဲ့ လိုက်ဝယ်တယ်။ အဲ ဈေးကောင်းလို့ သူများတွေ ရောင်းကောင်းတုန်း အချိန်မှာဖြင့် မရောင်းသေးဘဲ ဆွဲထားပြီး သူများတွေ ရောင်းကုန်လို့ ဈေးနည်းနည်းကျလာမှ သေပြေးရှင်ပြေးနဲ့ ချရောင်းလေ့ရှိကြတာပဲ။ ကုန်သည်ဘက်မှာ လူတစ်ယောက်ဟာ မိမိကိုယ်ကိုမိမိ အားကိုးပြီး ဈေးအတက်အကျကိုလည်း သေသေချာချာ စဉ်းစားနိူင်းချိန်နိုင်မယ်၊ အလုပ်လုပ်တဲ့အခါမှာ စွန့်ရဲတဲ့သတ္တိလည်းရှိမယ်၊ အဝယ်လိုက်လို့ ဈေးသိပ်တက်နေတဲ့အချိန်မှာ ကိုယ်က မာမာနဲ့ သွက်သွက်ကြီးရောင်းနိုင်တဲ့ အခြေမျိုးကိုလည်း တွက်တတ်မယ်ဆိုရင် ဒီလိုလူမျိုးဟာ အသက်လေးဆယ်လောက်မှာ မော်တော်ကားတဝိဝိနဲ့ စည်းစိမ်ခံနိုင်ဖို့ရာ သေချာတာပေါ့ကွဲ့။

နောက်ပြီးတော့ သူများနောက်ကလိုက်တိုင်းလည်း မကောင်းဘူးဆိုတဲ့ ဥပဒေသကို ဖေဖေတို့ စက်ထဲက ကြွင်းကျန်လို့ခေါ်တဲ့ နွားသိုးကြီးတစ်ကောင်က သေသေချာချာပြထားတယ်။ မင်း ဗဟုသုတရဖို့ ဒီနွားကြီးအကြောင်းကို ရေးထည့်လိုက်ရဦးမယ်။ အဲဒီ ကြွင်းကျန်ဆိုတဲ့ နွားကြီးဟာ တခြားနွားတွေနဲ့မရောဘဲ နွားကြီးပိပိ နွားတွေသတ်တဲ့ဘက်ကို ကူးတဲ့နေရာနားမှာ လောကကြီးကိုပဲ သူက ဂရုမစိုက်တဲ့အတိုင်း အမြဲ မြက်တွေ ကောက်ရိုးတွေကိုသာ တမြုံ့မြုံ့ဝါးပြီး စားနေလေ့ရှိတယ်။ ဒါနဲ့ နွားတွေကို သတ်ဖို့အချိန်နီးလာတော့ ဝဝဖြိုးဖြိုး သန်သန်မာမာရှိတဲ့ နွားပျိုကလေးတွေ၊ နွားမတမ်းကလေးတွေကို သတ်ဖို့ရန်အတွက် ဒီနွားကြီးရှိတဲ့ဘက်ကို အစောင့်တွေကစုပြီး သိမ်းသွင်းလာကြပါရော။ ဒီလို နွားကလေးတွေကို သူ့ဘက်သိမ်းလာတယ်ဆိုရင်ပဲ သူက တောကရောက်ခါစ နွားကလေးကို မြို့ရေလည်အောင် မမြင်ဖူးမကြားဖူးတဲ့ အသစ်အဆန်းတွေကို ပြတော့မယ့်ဟန်မျိုးနဲ့ သူ့အမြီးတိုကလေးကို

mgyoe.com

mgyoe.com


တဖျတ်ဖျတ်ယမ်းပြီး နွားတွေသတ်တဲ့ဘက်ကို ရှေ့ဆောင်ပြီး ခေါ်သွားတော့တာပဲ။ ထုံးစံအတိုင်းပေါ့လေ။ တောကရောက်ခါစ နွားကလေးတွေဟာ မြို့ရေလည်တဲ့ နွားကြီးရဲ့နောက်ကို ဘုမသိဘမသိနဲ့ တကောက်ကောက်ဝိုင်းပြီး လိုက်သွားကြတယ်။ အဲ အချိန်တန်လို့ ခြံထဲဝင်လာတဲ့ နွားတွေကို သတ်ဖို့ရန် တံခါးပိတ်လိုက်လို့ မိတ်ဆွေအသစ်တွေ ဒုက္ခနဲ့လည်း ရင်ဆိုင်တွေ့ရော သူ့မှာဖြင့် တစ်နည်းနည်းနဲ့ အပြင်မှာ ကျန်နေရစ်ခဲ့ပါရောကွဲ့။ ဒီလိုချည်း ကျန်ကျန်နေရစ်ခဲ့လို့ သူ့ကို ကြွင်းကျန်လို့ နာမည်ပေးထားပြီး အေးအေးပဲ ဘေးမဲ့ပေးထားရတယ်ကွဲ့။

မင်းတို့ကျောင်းမှာလည်း ကြွင်းကျန်လိုအကောင်တွေ ဘယ်နှယောက်လောက်ရှိမယ်မသိဘူး။ မင်းလည်း ကြွင်းကျန်လို အကောင်မျိုးရဲ့နောက်ကို သူများနဲ့ရောယောင်ပြီး လိုက်နေမိလို့ရှိရင် ရပ်တန်းကရပ်စေချင်တယ်။ နို့မဟုတ်ရင် ဖိနပ်တန်းဟိုဘက်က နွားသတ်ခန်းထဲရောက်သွားလိမ့်မယ်ကွဲ့။ ဒီတော့ကာ လောကမှာ တစ်ဦးတည်းနေလို့ ဘေးကင်းတဲ့အခါလည်း ရှိသေးတယ်ဆိုတာ မှတ်ထားစေချင်တယ်။ ပြီးတော့လည်း ဘယ်အရာမျိုးကိုလုပ်လုပ် သေသေချာချာ ချင့်ချိန်စဉ်းစားပြီး သတိရောဝီရိယပါ လက်မလွှတ်ဘဲ ပြုလုပ်ဆောင်ရွက်ဖို့ဟာ အရေးကြီးတယ်ကွဲ့။ ဒီသုံးချက်နဲ့သာ ညီအောင် ကျင့်ကြံနေထိုင်သွားရင် တစ်သက်မှာ မင်းအမှားတွေ့ဖို့ရန် အင်မတန်မှ ခဲယဉ်းပေလိမ့်မယ်။ ဒါပေမဲ့ ဒီသုံးချက်နဲ့ညီအောင် နေထိုင်နိုင်ဖို့ရန် မင်းက ငယ်ငယ်ကလေးတည်းက အကျင့်လုပ်ပေးရလိမ့်မယ်။ ကြီးမှဆိုရင် ခွေးအိုကြီးကို လက်ပေးသင်ရသလို ပြင်လို့ကို မရနိုင်ဘူးကွဲ့။

ဒီစာရပြီးနောက်မှာသာ မင်းက ဖေဖေဆုံးမလိုက်တဲ့အတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် ဖေဖေ့ဆီကို မင်း စာမရေးချင်လည်း နေနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျောင်းမှာ မင်းဘယ်လိုနေတယ်ဆိုတာကို

mgyoe.com

mgyoe.com

မင်းထံက စာမရပေမဲ့ မင်းရဲ့အသုံးစာရင်းကိုကြည့်တာနဲ့ ငါ သိနိုင်ပါတယ်ကွဲ့။ ဖေဖေတို့တစ်အိမ်သားလုံး ကျန်းကျန်းမာမာရှိတယ်။ မင်းလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေလို့ ဖေဖေက ဆုတောင်းလိုက်ပါတယ်ကွဲ့။ ဖေဖေရေးချင်တာတွေကတော့ တစ်ပုံတစ်ခေါင်းကြီးပဲ ရှိသေးတယ်။ ဒါပေမဲ့ အချိန်မရလို့ ဒီမျှနဲ့ တော်ဦးမယ်။ အင်း... ပြောရင်းဆိုရင်းနဲ့ စကားပြောသံကြိုးတောင်လာနေပြီ။

သားချစ်ဖေဖေ

ထွန်းလင်း

❐

mgyoe.com

mgyoe.com

# အမှတ် - ၃

မော်လမြိုင်မြို့။
ဇွန်လ ၁ ရက်၊ ၁၈၉ ခု။

သားမောင်မျိုးမြင့်

ဝိဇ္ဇာတန်းအောင်ပြီးတဲ့နောက်မှ ကျောင်းဆက်ပြီးနေဖို့ရာ လိုတော့ မယ်လို့ ဖေဖေဖြင့် မထင်မိဘူး။ ဘာပြုလို့လဲဆိုတော့ ကျောင်းကထွက် ရင် မင်းဝင်လုပ်ရမယ့်အလုပ်က စည်သွတ်လုပ်ငန်းဘက်မှာဖြစ်နေတော့ မင်းဟာ ကမ္ဘာကျော်ကဗျာဆရာကြီးတစ်ဦးလို၊ တက္ကသိုလ်က ပါမောက္ခ ကြီးတွေလို စာ သိပ်ပြီးတတ်နေဖို့မှ မလိုဘဲကလား။ တချို့လူတွေဟာ စာတွေပေတွေကိုချည်းဖတ်နေလို့ စာအုပ်ထဲက ဗဟုသုတတွေသာရှိ တယ်။ တချို့ကျတော့လည်း ကိုယ်တွေ့သက်သက်သာရှိတယ်။ ဒီဗဟု သုတနှစ်မျိုးစလုံးမှာ ချို့ယွင်းချက်တွေရှိတယ်လို့ ဆိုရမယ်ကွဲ့။ ဘာ ကြောင့်လဲဆိုတော့ ပထမအမျိုးက စာတွေ့သက်သက်ဖြစ်ပြီး ဒုတိယ အစားကတော့ ငါတွေ့လုံးလုံးဖြစ်နေတာကိုး။ စာတွေ့ဗဟုသုတကို ငါတွေ့အသုံးပြုဖူးတဲ့လူမှ လောကမှာ ကြီးပွားနိုင်တာကလား။

ယခု မင်းသင်နေတဲ့ ပါဠိ၊ ကဗျာ အစရှိတဲ့ ပညာတွေဟာ စည် သွတ်လုပ်ငန်းကို မင်းဝင်လုပ်တဲ့အခါ တစ်နေ့နေ့မှာ အသုံးချဖို့ရန်

mgyoe.com

mgyoe.com


အကွက်ပေါ်လာမှာ မုချပဲ။ ဒါပေမဲ့ ဖေဖေတို့လုပ်ငန်းမှာတော့ ကြော်ငြာကလေးဘာကလေး တစ်ခါတလေရေးတာကလွဲလို့ ကဗျာကို သိပ်ပြီးတော့ မသုံးကြဘူး။ ပါဠိဆိုတော့ ဖေဖေတို့အလုပ်က ဆေးကုမွေဖါမှ မဟုတ်ဘဲကလားကွဲ့။ ဒီတော့ကာ စည်သွတ်တဲ့ ဝက်ပေါင်ခြောက်တို့ ဝက်နံ့ကင်တို့ကို 'ဒီဃာယုဝက်ပေါင်ခြောက်' 'စိတ္တသုခဝက်နံ့ကင်' 'ကာမသိဒ္ဓိအမဲနှပ်' တို့လို ရောမနာမည်ကြီးတွေ တပ်ပေးနေစရာလည်း မလိုတော့ ပါဠိကို သာပြီး အသုံးပြုတာ နည်းသေးတယ်ကွဲ့။ ဒါကြောင့် ဘီအေအောင်ပြီးတဲ့နောက်မှာ မင်း စာဆက်သင်နေဖို့ လိုဦးမယ်လို့ကို ဖေဖေဖြင့် မထင်မိဘူး။ ဒီပညာလောက်ကိုမှ အားမရသေးရင် အလုပ်လုပ်ရင်း အားတဲ့အချိန်မှာ ပညာဆက်ပြီး ဆည်းပူးနိုင်သားပဲ။

ဖေဖေက မင်းကို တက္ကသိုလ်ကျောင်းပို့လိုက်တဲ့ အရင်းခံရည်ရွယ်ချက်ကတော့ 'အစကောင်းမှ အနှောင်းသေချာ' ဆိုတဲ့စကားအတိုင်း အလုပ်အကိုင်လုပ်ကိုင်တဲ့အခါမှာ နည်းမှန်လမ်းမှန်ဖြစ်စေချင်လို့ပဲ။ ဒါကြောင့်လည်း တက္ကသိုလ်မှာရှိတဲ့ ပညာမှန်သမျှကို မင်းကချည်း ဒိုင်ခံပြီး သင်လာလိမ့်မယ်လို့ ဖေဖေဖြင့် ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ ဘယ်နည်းနဲ့မဆို တခြားကျောင်းသားတွေအတွက် မင်းက နည်းနည်းပါးပါးတော့ ချန်ထားခဲ့ဦးမှာပဲလို့ ဖေဖေထင်တယ်။ နို့သော်လည်း စိတ်နှလုံးသားမြင့်မြတ်ပြီး ကိုယ်ကျင့်တရားကောင်းဖို့အချက်နဲ့ ကျန်းမာသန်စွမ်းဖို့အရေးကိုတော့ ချန်မထားခဲ့ဘဲ မင်းနဲ့အတူ များများ ပါနိုင်သမျှပါအောင် ယူခဲ့စေလိုတာပဲ။

ဖေဖေကိုယ်တိုင်လည်း ခပ်ငယ်ငယ်ကတည်းကစပြီး လယ်ထွန်နွားကျောင်း စာမောင်းစပါးနယ်ဆိုတဲ့အလုပ်တွေကို လုပ်ခဲ့ရလေတော့ အသက်သုံးဆယ်ရောက်တောင် ဖေဖေ့ခေါင်းမှာ ကောက်ရိုးနဲ့ မကင်းချင်သေးဘူး။ ဒီတော့ကာ 'ကျွန်တော့်သားကဖြင့် ဘာတစ်ခုမျှ မလုပ်တတ်

mgyoe.com

mgyoe.com


မကိုင်တတ်ဘူး" လို့ ခုခေတ်လူတွေ အသားယူကြတာတွေ၊ နို့ပြီးတော့ ဒီလိုမသိတာ မတတ်တာကိုပဲ အေးအေးမနေသေးဘဲ 'ခုခေတ်ပညာတတ် လူငယ်ကလေးတွေဟာ နေပူစပ်ခါးသွားရတဲ့အလုပ်မျိုးတွေနဲ့ မတော်ပါဘူး၊ စားပွဲမှာထိုင်ပြီး ဂဏန်းပေါင်းရတဲ့ အလုပ်မျိုးကိုသာ လုပ်ဖို့ကောင်းပါတယ်' လို့ ပြောကြတာတွေကို ကြားရတော့ ဖေဖေဖြင့် သိပ်ပြီး အော့နှလုံးနာမိတာပဲ။

ဖေဖေတို့တစ်တွေဟာ လောကကြီးအလယ်မှာ လူရယ်လို့ စဖြစ်လာကြကတည်းက ပညာတတ်လာကြတာမှ မဟုတ်ဘဲကလား။ အလုပ်လုပ်ခါစ ကနဦးမှာတော့ ဘယ်မှာ တတ်တဲ့၊ နားလည်တဲ့လူရယ်လို့ ရှိနိုင်ပါ့မလဲ။ အလုပ်ဆိုတာ လုပ်ရင်းကိုင်ရင်းနဲ့ပဲ 'မှဆိုးကို စိုင်သင်' ဆိုတဲ့စကားအတိုင်း အလုပ်က လူကိုသင်တော့ တဖြည်းဖြည်း အမှားအမှန်ခွဲခြားနိုင်ပြီး အလုပ်သဘောကို နားလည်လာရတာပေါ့။ ဖေဖေလည်း အောက်ခြေသိမ်းအလုပ်ကို ကြိုးကြိုးကုတ်ကုတ်လုပ်ရင်းနဲ့ ဒီအခြေကို ရောက်လာရတယ်မဟုတ်လား။ ပြီးတော့လည်း ဖေဖေတို့ခေတ်တုန်းကဖြင့် အမြတ်အရှုံးကိုသိဖို့ရန် မင်းတို့လောက်လည်း ဂဏန်းသင်္ချာတွေ၊ အက္ခရာသင်္ချာတွေကို သင်လည်းမသင်ရဘူး၊ သင်ဖို့လည်းမလိုဘူး။ မင်းတို့သင်္ချာခေတ်ကျမှ လူတွေ အမြတ်အရှုံးကိုသိအောင် ဘယ်လိုတွက်ရမယ်ဆိုတာကိုတော့ ပိုပြီး သိလာပါရဲ့။ ဒါပေမဲ့ အလုပ်တစ်ခုကို အမြတ်အစွန်းရအောင် ဘယ်လိုလုပ်ရတယ်ဆိုတာကိုတော့ လုံးဝ မသိကြဘူး။ ဒီတော့ကာ မင်းတို့သင်္ချာက သင်တိုင်းချာတဲ့ သင်ချာလားလို့ ဖေဖေကမေးချင်တယ်။ ဒီအတိုင်းမှန်ရင်တော့ သင်္ချာဆိုတဲ့နာမည်ဟာ 'အနွတ္ထအမည်' လို့ ခေါ်ဆိုရမှာပဲ။

ဖေဖေက ခုလို မင်းတို့ခေတ်ပညာတွေကို ရှုတ်ချတဲ့အတွက် မင်းက ဟိုတုန်းက ဘိုးတော်ဘုရားလက်ထက်မျိုးနဲ့ ခုခေတ်နဲ့ တူမှမတူဘဲလို့

mgyoe.com

mgyoe.com


ပြောချင်ပြောမပေါ့။ ဒါပေမဲ့ ဖေဖေတို့ခေတ်တုန်းကလည်း တစ်ပိသာမှာ ကျပ်ချိန်တစ်ရာရှိတာပဲ။ မင်းတို့တက်ခေတ်မှာလည်း ကျပ်ချိန်တစ်ရာကို တစ်ပိသာခေါ်ကြတော့ မင်းတို့တက်ခေတ်က အမြဲပြတစ်စိစိနေအောင် တက်နေပါစေ ဘာမှ မထူးပါဘူးကွဲ့။ ပြီးတော့ ခုခေတ်မှာလည်း ရှေးခေတ်တုန်းကလိုပဲ အလုပ်တွေရှိတာပါပဲ။ ဒါပေမဲ့ မင်းတို့ တက်ခေတ်လူငယ်ကလေးတွေက 'အရိုးများသော ချေးခါးသော' ဆိုတဲ့ ဆင်ခြင်တွေပေးပြီး ရှောင်ဖယ်ဖယ်လုပ်နေကြတော့ အလုပ်လက်မဲ့ပြဿနာဆိုတဲ့ စကားတစ်လုံးတိုးလာရရောပေါ့ကွဲ့။ ဖေဖေတို့ဗမာတွေက ဒီလို ဂျီအိပတ္တမျာ းနေတုန်း လူမျိုးခြားတွေမှာတော့ သူဌေးဖြစ်ကုန်ကြပြီကွဲ့။

ဟို လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်လောက်တုန်းကဖြင့် ပိုက်ဆံက ပေါလို့လားမသိဘူး။ အလုပ်လုပ်ရတာလည်း သိပ်ပြီးလွယ်တယ်။ ပိုက်ဆံရှာဖို့ဆိုလည်း သိပ်ပြီးမခဲယဉ်းဘူး။ အဲဒီခေတ်မှာ ဖေဖေက စည်သွတ်လုပ်ငန်းကို စပြီးလုပ်တော့ ဖေဖေ့အလုပ်ဟာလည်း ခပ်ကျဉ်းကျဉ်းနဲ့ ခပ်ရှင်းရှင်းပဲကွဲ့။ နွားကိုသတ်လျှင် အမဲသားရသလို ဝက်ကိုသတ်ရင် ဝက်သားရတာပဲ။ ဒီအသားတွေကို ခပ်ငန်ငန်ကြိုက်တဲ့လူအဖို့ ဆားများများထည့်လုပ်ရတယ်။ ခပ်ပေါ့ပေါ့ ခပ်ချိုချိုကြိုက်တဲ့လူတွေအဖို့တော့ အသားလည်း မပုပ်သိုးအောင်ဆိုပြီး သကြားနဲ့လုပ်ရတယ်။ ဒီကြားထဲက ဝက်အူချောင်းတို့ ဘာတို့လုပ်ပြီး ကျန်တဲ့ အရိုးအရင်းတွေကိုတော့ အသုံးမရှိလို့ လွှင့်ပစ်လိုက်တာပဲ။

ခုခေတ်ကျတော့ ဝက်တစ်ကောင်ရလို့ စက်ထဲကို ထည့်လိုက်တယ်ဆိုရင်ပဲ ရကန်ဆရာဦးတိုးရဲ့ 'အုန်းတစ်လုံး' လို အသုံးမကျတာရယ်လို့ပဲမရှိဘူး။ အသားရောအရိုးပါ စည်ကလေးပေါင်းတစ်ရာထဲကို ခေါင်းတခြားကိုယ်တခြားနဲ့ အကုန်လုံးရောက်သွားပါရောကွဲ့။ ဟိုတုန်းက အရိုးအရင်းတွေ၊ မကြိုက်တဲ့အသားတွေကို ဖေဖေတို့က လွှင့်ပစ်ရပေ

mgyoe.com

mgyoe.com


မဲ့ ခုတော့ အမြတ်တွေသာ လွှင့်ပစ်နေရတာပဲ။ ဘာပြုလို့လဲဆိုရင် ခု ခေတ်မှာ အလုပ်တစ်ခု ကြီးပွားတိုးတက်ဖို့ရာ ဆရာဝန်တွေ၊ ဝတ်လုံတွေ၊ အင်ဂျင်နီယာတွေ၊ စာရေးဆရာတွေ၊ အကုန်လုံးရဲ့ အကူအညီလိုတော့ ရတဲ့အမြတ်ကို သူတို့လည်း ခွဲပေးနေရတာပေါ့။ နောက်ခေတ်များမှာဖြင့် ဘုန်းတော်ကြီးတွေရဲ့ အကူအညီကိုတောင်မှ လိုဦးမလား မပြောတတ်ပါ ဘူးကွယ်။ ဒီတော့ကာ ခုလို လူမျိုးစုံနဲ့ ဆက်ဆံပြီး အလုပ်လုပ်ရမယ့် လူငယ်တစ်ယောက်ဟာ ရိုးသားဖြောင့်မတ်ပြီး 'ချက်ဆိုရင် နားခွက်က မီးတောက်' အောင် ထက်ထက်မြက်မြက်ရှိနိုင်မှ တော်ရုံကျတာကလား။ ဒီလိုမှမထက်မြက်ရင် တခြားလူတွေက သူ့ကို ရောင်းစားသွားမှာပေါ့။

ဖေဖေတို့အလုပ်ထဲမှာ တက္ကသိုလ်ပညာတတ်ကို စပြီးခိုင်းတာ ဦးမိုးသီးရဲ့သား မောင်မြင့်ထူးဟာ ပထမပဲ။ မောင်မြင့်ထူး ဖေဖေတို့ဆီကို ရောက်တာတော့ တော်တော်ကလေးကြာသွားပြီ။ ဟိုအခါတုန်းက ဖေဖေ တို့လုပ်ငန်းဟာလည်း ခုလောက် မကြီးပွားသေးဘူး။ မောင်မြင့်ထူးရဲ့ အဖေဟာ ဟိုစဉ်အခါကတော့ နိုင်ငံခြားနဲ့တောင် ဆက်သွယ်ပြီး ဆန် အကြီးအကျယ်လုပ်တဲ့ ဆန်ကုန်သည်ကြီးတစ်ဦးဖြစ်တဲ့အတွက် ဈေး တက်တာ၊ကျတာတောင် သူ့လက်ထဲမှာရှိတယ်ဆိုရင် မမှားနိုင်ဘူး။ အဲဒီ လို ပိုက်ဆံပေါတဲ့အခါဖြစ်တော့ ဦးမိုးသီးဟာ တစ်ဦးတည်းသောသား ဖြစ်တဲ့ မောင်မြင့်ထူးကိုလည်း ခေတ်မီအောင်၊ ဂုဏ်ရှိအောင်ဆိုပြီး တက္ကသိုလ်ကျောင်းကိုပို့လိုက်တယ်။ အဘိုးကြီးက သူ့သားကလေးကို အရိပ်တကြည့်ကြည့်နဲ့နေပြီး သူ့စိတ်ထဲမှာလည်း သူ့သားကလေးဟာ ဘယ်နည်းနဲ့မဆို စာဘက်မှာ ထူးချွန်ရမယ်လို့ အမြဲပဲ ယူဆထားတာပဲ။ ဘဝက ကမာဝစရ ကုသိုလ်ကံအကျိုးပေးပုံက တယ်ပြီး ထူးဆန်းတာ ကလား။ ကံများမကောင်းချင်တော့ သူတို့ စပါးအများဆုံးလှောင်တဲ့နှစ် မှာ စပါးဈေးတွေဟာ ဒလဟောကျသွားလိုက်တာ ကုန်သည်ဘက်က

mgyoe.com

mgyoe.com


လူတွေမှာဖြင့် သွက်သွက်ကိုခါသွားပါရော။ ဖေဖေတို့တောင်မှ ကံကောင်းလွန်လွန်းလို့ ကုန်သည်ဘဝက ဇိဝိန်မကြွေတာပေါ့။

အဲဒီနောက်မှာ မောင်မြင့်ထူးလည်း ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းကထွက်လိုက်ရပြီး အလုပ်ရှာရတော့တာပါပဲ။ 'ကံမခိုင် သံတိုင်အိမ်ဆောက်တော့ ကံမှောက်လျှင်ကျိုး၊ ကံတော်ကူ၊ ကျောက်ဖျာ လူမထူနှင့်၊ တိမ်ပလူ အာကာရိုးမှာ၊ ထီးကဲ့သို့မိုး' ဆိုတဲ့ စကားပုံကဗျာကလေးနဲ့ "ကြံသော်လည်း ပျက်တတ်၏။ မကြံစည်ဘဲလည်း ဖြစ်တတ်၏' ဆိုတဲ့ ဘုရားအလောင်းအလျာ မဟာဇနကမင်းသားရဲ့ ဩဝါဒကထာက တယ်ပြီးမှန်တာကလား။ မောင်မြင့်ထူးကလေးဟာ စာဘက်ကိုလိုက်မယ်လို့ ကြံသော်လည်း ကံစီမံရာကို မလွန်ဆန်နိုင်တော့ တစ်နေ့မှာ ဖေဖေ့ထံကို လာပြီး အလုပ်တောင်းရှာတယ်။ ဦးဆုံးတော့ အနောက်နိုင်ငံက ကုန်သည်ကြီးတွေ ထားလေ့ထားထရှိတဲ့ 'ပရိုက်ဗိတ် စက္ကရီတေရီ' ခေါ်တဲ့ အပါးတော်မြဲရာထူးပေးဖို့ ပြောတာပဲ။ ဒါပေမဲ့ ဖေဖေက ဒီရာထူးမျိုးကို ဖေဖေ့တိုက်မှာ ဘယ်နည်းနဲ့မှ မထားနိုင်ဘူးလို့ စကားကုန်ပြောလိုက်တော့ သူက တစ်ဆင့်ထက်တစ်ဆင့် လျှော့ပြီး တောင်းလိုက်တာ နောက်ဆုံးကျတော့ ဖေဖေတို့တိုက်မှာသာ လုပ်ရမယ်ဆိုရင် တစ်လ ၃၀ိ စားစာရေးကလေးပဲလုပ်ရလုပ်ရ လုပ်ပါ့မယ်လို့တောင် ပြောရှာတယ်။ ဖေဖေကလည်း သူ့လိုလူကောင်းကလေးကို အလုပ်မပေးနိုင်တဲ့အတွက် အင်မတန်မှ ဝမ်းနည်းတဲ့အကြောင်း၊ ဖေဖေတို့တိုက်က လူဟောင်းတွေကို တောင်မှ ထုတ်ပစ်နေရသေးတဲ့အကြောင်း၊ တကယ်လို့များ အလုပ်လစ်လပ်ရင် မောင်မြင့်ထူးကိုသာ ပေးမယ့်အကြောင်းတွေကို ပြောရိုးပြောစဉ်အတိုင်း ပြန်ပြောလိုက်တယ်ကွဲ့။ အမှန်ကတော့ မောင်မြင့်ထူးတို့လို ပညာတတ်လူနုတစ်ယောက်ဟာ ဖေဖေတို့အလုပ်နဲ့ ဘယ်နည်းနဲ့မှ ကိုက်မှာမဟုတ်ဘူးလို့ အယူရှိတာနဲ့ သူ့ကို အလုပ်မပေးလိုက်တာပဲ။ ဒါပေမဲ့

mgyoe.com

mgyoe.com


ဒီသူငယ်က စိတ်ပျက်မသွားဘူး။ ဖေဖေတို့အလုပ်တိုက်ကို သူ နှစ်ခြိုက်လို့ ဖေဖေတို့တိုက်မှာသာ သူလုပ်လိုတဲ့စိတ်ရှိတယ်လို့ ပြောသွားသေးတယ်။ ဒီမျှမကသေးဘူးကွဲ့၊ မောင်မြင့်ထူးဟာ တနင်္ဂနွေတစ်ပတ်မှာ နှစ်ခါလောက် ဖေဖေ့ထံလာပြီး သူ့အတွက် နေရာများ လစ်လပ်ပြီလားလို့ အမြဲမေးရှာတယ်။ ဖွဲတော့ တော်တော်ကောင်းတဲ့ သူငယ်ကလေးပါပဲ။

ဒီလိုချည်းလာလာမေးနေလိုက်တာ တစ်လလောက်ကြာသွားတော့ နောက်ဆုံး ဖေဖေကပဲ အရှုံးပေးလိုက်ရတယ်။ ဒါနဲ့ တစ်နေ့တော့ လမ်းမှာတွေ့လို့ အရင်တုန်းကလိုပဲ ဖေဖေ့တို့ထံမှာ အလုပ်လုပ်လိုတဲ့စိတ်ဟာ ထက်သန်သေးရဲ့လားဆိုတာ သိချင်တာနဲ့ ဖေဖေက "ဟေ့ မောင်မြင့်ထူး၊ ဦးထံမှာ အလုပ်လုပ်ချင်တဲ့စိတ် ရှိသေးရဲ့လားကွဲ့" လို့ မေးလိုက်ရင်ပဲ "ဟုတ်ကဲ့ခင်ဗျာ။ လုပ်လိုပါသေးတယ်ဦးရယ်" ဆိုတဲ့ လျှပ်ပြက်သလို လျင်မြန်တဲ့အဖြေကို ပြန်ရတယ်ကွဲ့။ သူက ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနဲ့လူဆိုတော့ ဖေဖေက သူ့ကို ကြည့်ရင်း သူ့စိတ်ကို စမ်းချင်တာနဲ့ "ဦးဆီမှာ စာရေးစာချီဘက်ကတော့ အလုပ်လစ်လပ်ဖို့ရန် အင်မတန်မှ ခဲယဉ်းတယ်ကွဲ့။ ဒါပေမဲ့ မောင် လုပ်နိုင်မလုပ်နိုင်တော့ ဦးမပြောတတ်ဘူး။ ကုန်တင်ကုန်ချတဲ့ဘက်မှာတော့ မောင့်လိုဗလမျိုးနဲ့လူတော့ လိုနေတာပဲ" လို့ ဖေဖေက ပြောလိုက်မိတယ်။

ဒီလိုပြောလိုက်ရင်ပဲ မောင်မြင့်ထူးဟာ လန့်သွားပြီး ဖေဖေ့ထံမှာ နောက်ထပ် အလုပ်တောင်းရဲတော့မယ်မဟုတ်ဘူးလို့ ဖေဖေ့စိတ်ထဲမှာ အောက်မေ့မိတယ်။ ဘာပြုလို့လဲဆိုရင် အမဲသားတွေကို တစ်နေရာက တစ်နေရာကို ရွှေ့ပြောင်းတဲ့ကိစ္စ၊ ကုန်အပြည့်နဲ့ စည်ကြီးတွေကို လိမ့်ရတဲ့အလုပ်၊ ကိုက်တစ်ရာလောက်ဝေးတဲ့နေရာမှာရှိတဲ့ မော်တော်ကားပေါ်အရောက် ကုန်တွေပို့ရမယ့်အရေးဟာ တွေးကြည့်မယ်ဆိုရင် ကလေး

mgyoe.com